This project is co-funded by
the European Union



# မြန်မာနိုင်ငံ အရပ်ဘက်အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဆွေးနွေးမှုစာတမ်း

စာတမ်းရေးသူ Ms. Shaivalini Parmar သည် သီးခြားလွတ်လပ်စွာ ရပ်တည်သော
လူ့အခွင့်အရေး လေ့လာ သုံးသပ်သူတစ်ဦး ဖြစ်ပါသည်။

# အတိုကောက်စာလုံးများ

| | |
|---|---|
| **AAM** | အက်ရှင်အေ့ဒ်မြန်မာ |
| **ABSDF** | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| **ADB** | အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် |
| **CBI** | စွမ်းရည်ရေှ့ဆောင်လှုပ်ရှားမှုရေးအသင်း |
| **CSO** | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |
| **EAO** | လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ |
| **EC CSO** | ဥရောပသမဂ္ဂ၏ရံပုံငွေထောက်ပံ့မှုဖြင့် အထောက်အကူဖော်ဆောင်ရွက်သော - အရပ်ဘက်လူမှုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်း |
| **EU** | ဥရောပသမဂ္ဂ |
| **GAD** | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| **GONGO** | အစိုးရမှဖွဲ့စည်းဆောင်ရွက်သော အစိုးရမဟုတ်သည့်အဖွဲ့အစည်း |
| **MMCWA** | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း |
| **MRC** | မြန်မာနိုင်ငံကြက်ခြေနီ |
| **NGO** | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| **NLD** | အမျိုးသားဒီမိုကရေဒီအဖွဲ့ချုပ် |
| **PTE** | ဖန်တီးအိမ်အဖွဲ့ |
| **SLORC** | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| **USDP** | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **YMBA** | ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း |
| **WB** | World Bank ကမ္ဘာ့ဘဏ် |

# နောက်ခံအကြောင်းချင်းရာများ နှင့် ကြောင်းကျိုးဆက်စပ်မှု




ယခုစာတမ်းသည် ဖန်တီးအိမ်အဖွဲ့၊ စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်းနှင့် အက်ရှင်အေ့ဒ်မြန်မာအဖွဲ့တို့ ပူးပေါင်းထားသော စုပေါင်းလုပ်ငန်းအဖွဲ့ (consortium) ကိုယ်စား သုတေသန ပြုလုပ်ထားခြင်း ဖြစ်သည်။ သုတေသန၏ ဦးတည်ချက်မှာ မြန်မာနိုင်ငံအရပ်ဘက်လူမှု အဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်လုပ်ဆောင်နေသော လက်ရှိဆောင်ရွက်ဆဲ စီမံကိန်းအပေါ် အထောက်အကူဖြစ်စေရန် သာမက အစိုးရ၏ မူဝါဒရေးဆွဲချမှတ်မှုနှင့် အကောင်အထည်ဖော်မှုတို့အပေါ် ကောင်းမွန်သည့်ထိတွေ့ဆက်ဆံမှုများပြုလုပ်သွားနိုင်စေရန် ဖြစ်ပါသည်။ "**မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး**" ဟု အမည် ပေးထားသည့် ၄ နှစ်တာ စီမံကိန်းကို ဥရောပသမဂ္ဂ(EU) မှ ရန်ပုံငွေ ပူးတွဲထောက်ပံ့ပေးထားသည်။ စီမံကိန်းကို ၂၀၁၆ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး စီမံကိန်းကာလတလျှောက်လုံးတွင် နိုင်ငံအနှံ့အပြားရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက် (၁၀) ခု အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း (၉၂) ဖွဲ့ကို လိုအပ်သည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခဲ့ပါသည်။ ဤ စာတမ်းကို ECCSO အဖွဲ့ဝင်များထံမှ ရရှိသည့် အချက်အလက်များကိုပါ ထည့်သွင်း၍ သီးခြားလွတ်လပ်စွာရပ်တည်သော အတိုင်ပင်ခံ Ms. Shaivalini Parmar က ရေးသားခဲ့သည်။

ဆွေးနွေးချက်စာတမ်းတွင် မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်း တည်ထောင်ခြင်း၏သက်ရောက်မှုကို သုံးသပ်ထားပါသည်။ ထိုနည်းတူ ပြည်တွင်းရှိ အရပ်ဘက် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ပြင်ပမှစွက်ဖက်မှုများကြောင့် (နိုင်ငံတကာအဖွဲ့အစည်းများ ၏ ပုံရိပ်မျိုးဖြစ်အောင်) မည်ကဲ့သို့ ပုံသွင်းခံရလေ့ရှိသည်ကိုလည်း ဆန်းစစ်အကဲဖြတ်ထားသည်။ အလှူရှင်တို့၏ ထောက်ပံ့ကူညီမှုမှာလည်း အဓိကအားဖြင့် ငွေကြေးဆိုင်ရာအထောက်အပံ့များ နှင့် (စီမံကိန်းကို အခြေခံသော ရံပုံငွေထောက်ပံ့ကူညီမှု) သို့မဟုတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော နည်းပညာဆိုင်ရာပံ့ပိုးမှုများမှတဆင့် ဝင်ရောက်မှုကများပါသည်။ အရပ်ဘက်လူမှု အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်၊ ပန်းတိုင်၊ စံတန်ဖိုးထားမှု အစီအစဉ်များကို အဓိပ္ပါယ်သတ်မှတ်ဖွင့်ဆို၍ ရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်နိုင်ခြင်း ရှိ၊ မရှိကို ယခုသုတေသနက အကဲဖြတ်ထားသည်။ ထို့ပြင် အလှူရှင်အပေါ်မှီခိုအားထားမှုက ဖန်တီးလိုက်သည့် ပါဝါဒိုင်းနမစ် အ ရွေ့နှင့် ကိုယ့်ခြေ ကိုယ့်လ က်လု ပ်ပို င်ခွ င့် ( a u t o n o m y ) အ ပေါ် မ ည်ရွေ့ မ ည်မျှ သက်ရောက်မှု ရှိသည်ကို လည်း သုံးသပ်ထားပါသည်။

စာ တ မ်း အ တွ က် လ က်တွေ့ အ သုံး ချ န ည်း စ န စ်ဗေ ဒ (methodology) ကို ယခင်က ပြုလုပ် ခဲ့ပြီးသော သုတေသနစာတမ်းအနှစ်ချုပ်(literature review) များအပေါ် အဓိကအခြေခံထားသည်။ ထိုနည်းတူ သတင်းအချက်အလက်ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းချက်

များကိုပါ ပူးတွဲလုပ်ဆောင်ခဲ့ပါသည်။ သို့သော် သုတေသနစာတမ်း ခေါင်းစဉ်၏ ထိလွယ်ရှလွယ်မှုကြောင့် တွေ့ဆုံမေးမြန်းခဲ့သူများ၏ ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်သည်။ ယခုသု တေသနသည် အပြီးသတ်အဆုံးအဖြတ်အဆိုပြုချက်မဟုတ်သေးဘဲ မြန်မာနိုင်ငံ အရပ်ဘက်အဖွဲ့ အစည်းများ စနစ်တကျဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ သက်ရောက်မှုအပေါ် စိတ်ပါဝင်စားမှုနှင့် ဆွေးနွေးမှုများ ပေါ်ပေါက်လာစေရန် တိုက်တွန်းနှိုးဆော်ပေးလိုခြင်းသာ ဖြစ်ပါသည်။

# ငြင်းဆိုချက် (Disclaimer)

ယခု ပုံနှိပ်ထုတ်ဝေမှုကို ဥရောပသမဂ္ဂ(EU)၏ ငွေကြေးထောက်ပံ့ကူညီမှုဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် သုတေသနစာတမ်းပါ အချက်အလက်များနှင့် ပတ်သက်၍ စာရေးသူတစ်ဦး တည်းတွင်သာ တာဝန်ရှိပြီး ဥရောပသမဂ္ဂ သို့မဟုတ် ခွင့်ပြုချက်ပေးခဲ့သော လုပ်ငန်းအဖွဲ့ဝင်များ၏ ရှုမြင်သုံးသပ်ချက်များ ထင်ဟပ်နေခြင်းမျိုး လုံးဝမရှိကြောင်း သိစေအပ်ပါသည်။

# အကြောင်းအရာအနှစ်ချုပ်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားများမှာ ဈေးကွက် (သို့မဟုတ်) နိုင်ငံတော် အစိုးရအပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုနေရသည်ဟူသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ယူဆချက် ပုံစံမျိုးထက် ကျော်လွန်ကာ၊ အရပ်ဘက်အဖွဲ့အစည်းများ အပေါ် ခေတ်သစ်အမြင်ဖြင့် နားလည် သဘောပေါက်မှုမှာ ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။[၁] ထို့နောက် အစိုးရ ပါဝင်သည့် အခန်းကဏ္ဍကို လျော့ကျလာစေခြင်း၊ NGOs အဖွဲ့အစည်းများသည် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် လူမှုဖူလုံရေးတို့အား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးသူများအဖြစ် ရှုမြင်လာခြင်း စသော နီယိုလစ်ဘရယ်ဝါဒ (လွတ်လပ်သည့် ဈေးကွက် စီးပွားရေးစနစ်၊ ဘဏ္ဍာရေး ဈေးကွက်များ၏ စည်းမျဉ်းစည်းကမ်းများ လျှော့ချခြင်း၊ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၊ အစိုးရ၏ သက်သာ ချောင်ချိရေး ပြဋ္ဌာန်းချက်များကို မသိမသာ ပြောင်းလဲပစ်ရန် ကြိုးပမ်းခြင်း စသဖြင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အယူအဆသစ်) ပုံစံအခင်းအကျင်း တဖြည်းဖြည်း ကျယ်ပြန့်လာခြင်းနှင့်လည်း ပတ်သက်ဆက် နွယ်နေပါသည်။ ထို့ပြင် "တန်းတူညီမျှမှု" ရရှိစေရန် လူမှုရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများ ကျိန်း သေလိုအပ်ကြောင်းကို အသိအမှတ်ပြုလာခဲ့ခြင်းကလည်း တစ်စိတ်တစ်ပိုင်းအားဖြင့် ပါဝင်နေပါသည်။ ထိုအချိန်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အလှူရှင်များက အရပ်ဘက်လူမှုအဖွဲ့အစည်း များထံသို့ ရန်ပုံငွေများ ပံ့ပိုးပေးခဲ့ကြသည်။

သို့သော် သမားရိုးကျစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုက ရေစီ၊ လူ့အခွင့်အရေးစံနှုန်းများ ပူးတွဲပေါင်းစပ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များ အတိုင်း လိုက်နာ ဆောင်ရွက်စေလိုခဲ့ပါသည်။[၂] မြန်မာနိုင်ငံအနေဖြင့် စစ်အစိုးရအုပ်ချုပ်မှုအောက်တွင် ဆယ်စုနှစ်ပေါင်း များစွာ လူမှုရေးအရ အထီးကျန်ဆန်နေခဲ့ခြင်းကြောင့် နိုင်ငံတွင်းမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများထံ အလှူရှင်များ၏ ပံ့ပိုးကူညီမှုများ ရောက်ရှိရန် အချိန်ကြာမြင့်ခဲ့ရပါသည်။[၃]

၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန်လက်ထက်တွင် ဆောင်ရွက်ခဲ့သော နိုင်ငံရေးအရ အသွင် ကူးပြောင်းမှုများကြောင့် မြန်မာနိုင်ငံအပေါ် အလှူရှင်များ၏ ထိတွေ့ဆက်ဆံမှုနှင့် သံတမန်ရေးအရ ဆက်ဆံမှုများ တမူထူးခြားစွာပြောင်းလဲသွားခဲ့သည်။[၄] ထို့ပြင် ဦးသိန်းစိန် အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို စိတ်အရင်းခံ အတိုင်း ရိုးသားဖြောင့်မတ်စွာပြုလုပ် ပါမည်ဟုသံန္နိဋ္ဌာန်ချထားကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းက နားလည်သဘောပေါက်စေရန်လည်း ထိရောက်စွာလုပ်ဆောင်ပြခဲ့ပါသည်။ ယခု NLD အစိုးရလက်ထက်အထိ မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ အသွင်ကူးပြောင်းနေသည့် အချိန်ကာလများ အတွင်း အလှူရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုင်းပြည်အတွင်း အများအပြား စီးဝင်လာခဲ့သည်ကိုတွေ့မြင်ခဲ့ရပြီး နိုင်ငံရေးအရစဉ်ဆက်မပြတ် အသွင်ပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်သွားခဲ့သည်။[၅] သို့ဖြစ်ရာ အလှူ ရှင်များက မည်သည့်အဖွဲ့အစည်းမျိုးဆိုလျှင် ရံပုံငွေထည့်ဝင်၍ မည်သည့်အချက်များက ၎င်းတို့၏ ရွေးချယ် မှုလုပ်ငန်းစဉ်ကို လမ်းညွှန်ထိန်းကျောင်းနေပါသနည်း?

နိုင်ငံတကာအလှူရှင်အဖွဲ့များနှင့် နိုင်ငံတကာအန်ဂျီအိုများ (INGOs) ယူဆောင်လာသည့် အပြည်ပြည်ဆိုင်ရာမူဝါဒ (internationalism) အမျိုးမျိုးနှင့်အတူ၊ ဒေသတွင်း အဖွဲ့အစည်းများက အနောက်တိုင်းအလှူရှင်များသည်အရေးကြီးသည်ဟု ယူဆထားသော နည်းလမ်းများနှင့် ဖွံ့ဖြိုးတိုးတက်လာရန်များစွာမျှော်လင့်ထားသောနေရာများတွင် ကျွမ်းကျင်ပိုင်နိုင်သူများဖြစ် စေရန် ဖိအားပေးမှုများရှိခဲ့သည်။[၆] ယခုစာတမ်းတွင်ပါဝင်သော "စနစ်တကျဖွဲ့စည်း တည်ထောင်ခြင်း" ဆိုင်ရာယူဆချက်မှာ အလှူရှင်အဖွဲ့အစည်းများနှင့် INGOs အဖွဲ့အစည်းများက အရပ်ဘက်လူမှု အဖွဲ့အစည်းများအား လုပ်ဆောင်စေလိုသော အရာများကို ဖော်ပြရန်ဖြစ်ပါသည်။ ထိုအရာများတွင် စုပေါင်းလုပ်ဆောင်မှုများအတွက် ဖွဲ့စည်းပုံတိတိကျကျမရှိဘဲ အားလုံးတပြေးညီ ဆောင်ရွက်သည့် ပုံစံမှသည် အထက်အောက် အဆင့်ဆင့်ရှိသော ဖွဲ့စည်းမှုပုံစံသို့ ပြောင်းစေလိုသော သဘောလည်း ပါသည်။ ထိုအထက်အောက်အဆင့်ဆင့်ဖွဲ့စည်းမှုပုံစံတွင် အနောက်တိုင်းမှ အဖွဲ့အစည်းများဖွဲ့စည်း မှုပုံစံများကဲ့သို့ တိကျစွာချမှတ်ထားသော မူဝါဒများနှင့်လုပ်နည်းလုပ်ငန်းများ ပါဝင်သည်။[၇] ပုံစံအား ဖြင့် အထက်အောက်ဖြစ်နေသော်လည်း အဖွဲ့အစည်းများ၏ဝန်ထမ်းများသည် အဖွဲ့အစည်း၏ သဘာဝနှင့် အရွယ်အစားပေါ်တွင်မူတည်၍ ခေါင်းစဉ်အမျိုးမျိုး၊ တာဝန်အမျိုးမျိုးယူ၍ လုပ်ကိုင်နေ ကြသည်။ ဤကိစ္စရပ်သည် သက်ဆိုင်ရာ ဒေသအလိုက် လှုပ်ရှားမှုများ သို့မဟုတ် လူပြိန်းကြိုက် နိုင်ငံရေး (popular politics) အပေါ် မည့်သည့် ရိုက်ခတ်မှုမျိုးရှိလာနိုင်သနည်း။ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ

အနေဖြင့်လည်း (လူ့အဖွဲ့အစည်းနှင့် အလှူရှင်များအတွက် ရေရှည်တည်တံ့ခိုင်မြဲမှု တိုး ပွားလာစေရန်နှင့် တာဝန်ခံမှုပိုရှိစေမည့် စုစည်းကျစ်လျစ်သော ဖွဲ့စည်းပုံမျိုးသို့ ဦးတည်သွားသည့်) အရွေ့တစ်ခု ဖြစ်လာနိုင်ပါမည်လား?

မြန်မာနိုင်ငံ၌ စေတနာ့ဝန်ထမ်း ပရဟိတအလေ့အထမှာ မြင်တွေ့နေကျဖြစ်သော နိုင်ငံသား ပါဝင်ဆောင်ရွက်မှုပုံစံဖြစ်သည်။[၈] အဆိုပါ စေတနာ့ဝန်ထမ်း ပရဟိတလုပ်ရပ်အများစုမှာ မှတ်တမ်း မဝင်၊ အသိအမှတ်ပြုခြင်းမခံရဘဲ အရေးပေါ်အခြေအနေကြုံမှသာ လူထုတစ်ရပ်လုံးက ငွေအား၊ လူအားများ ပုံအောထည့်ဝင်၍ စုစည်းတုံ့ပြန်ကြသည်။ ထိုသို့သောတုံ့ပြန်မှုမျိုးကို နာဂစ်မုန်တိုင်းနှင့် ဂီရိမုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်း သာဓကများအဖြစ် တွေ့မြင်ခဲ့ရသည်။ ယခုကဲ့သို့ စေတနာ့ဝန်ထမ်းပရဟိတစိတ်ဓါတ်ရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်အား (ပရဟိတဆန်သော လုပ်ငန်းနယ်ပယ် တွင်) ကျွမ်းကျင်ပိုင်နိုင်မှုပြည့်စုံသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် မည်သို့ပြုပြင်ပြောင်းလဲ ပေးနိုင်မည်နည်း။

အခရာကျသော အရပ်ဖက်အဖွဲ့အစည်း (civil society actors) အများစုသည် အလှူရှင်များ ၏ ငွေကြေးရန်ပုံငွေအရ အဆင့်မြင့်သည့် ရုပ်ဝတ္ထုပစ္စည်းများအပေါ် မှီခိုအားထားနေနိုင်သော်လည်း အဖွဲ့အစည်းငယ်များမှာမူ အလွန်နည်းပါးပြီး ကြိုကြားကြိုကြားသာ ရရှိသည့် ငွေကြေးရန်ပုံငွေ ပေါ် တွင် တသီးတသန့် မှီခိုအားထားနေကြရပါသည်။[၉] သို့ဖြစ်၍ ငွေကြေးစိုက်ထုတ်သုံးစွဲမှုက လုပ်ငန်း စဉ်များချမှတ်ခြင်းကို မည်သည့်အတိုင်းအတာအထိလွှမ်းမိုးမှုရှိပြီး ကျွဲကူးရေပါအန္တရာယ်များ သယ် လာသလား။ သို့တည်းမဟုတ် လူအများ၏ စိတ်ပါဝင်စားမှုကို မြှင့်တင်ပေးနိုင်မည့် (ဝါ) လူအများဂရု မပြုမိသေးသော အကြောင်းအရာများကို သတိပြုမိလာစေနိုင်ခြင်းဖြင့် အကျိုးကျေးဇူးကို သယ်လာ သလား။

အလှူရှင်များသည် စီမံကိန်းကိုအခြေခံသည့် ရန်ပုံငွေထောက်ပံ့မှုမျိုးမှတဆင့် အဖွဲ့အစည်း များကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။ စီမံကိန်းကို အခြေခံခြင်းဖြစ်၍ သက်ရောက်မှုနှင့် တိုးတက်မှုများကို ကြည့်ရာတွင်လည်း များသောအားဖြင့် အဖြောင့်အားဖြင့်သာ စဉ်းစားပါသည်။ ထို့ကြောင့် တိုးတက်မှုကို တိုင်းတာရာတွင်လည်း လက်တွေ့မြေပြင်အခြေအနေ၌ မသိမသာကွဲပြား ခြားနားမှုများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထွက်ပေါ်လာရမည့်ရလဒ်များကို ရှင်းလင်းပြတ် သားစွာ ချမှတ်ထားပြီး ဖြစ်ပါသည်။ ငွေကြေးရံပုံငွေများကို မည်သို့ခွဲဝေချပေးသည်ဆိုသော အချက်သည် အလှူရှင်အဖွဲ့အစည်းများနှင့် အလှူငွေလက်ခံရရှိသူများ အကြားရှိ အာဏာချိန်ခွင်လျှာ မည်သူ့ဘက် ကို အလေးသာ၊ မသာ အပေါ်တွင် သိသိသာသာလွှမ်းမိုးမှုရှိသည်။ ထိုအလှူငွေခွဲဝေချပေးသည့် ပုံ စံများသည် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ တန်ဖိုးထား လုပ်ဆောင်နေသည့် လှုပ်ရှားမှုတချို့ကို စွန့်လွှတ်ပြီး အလှူရှင်များဘက်မှ ငွေကြေးထောက်ပံ့လိုသော ကိစ္စရပ်များကိုသာ လိုက်လုပ်အောင် တွန်းပို့နိုင်ပါသလား? ထို့အပြင် စွမ်းဆောင်ရည်မြှင့်တင်မှုအပိုင်းတွင်လည်း အလှူရှင်များ၏ ထုံးစံအ တိုင်းပင် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် (သို့) အားကောင်းစေရန် ဘက်စုံသုံး အခြေခံမှုဘောင် (universal, one-size-



fits-all, blueprint) တစ်ခု ယူလာမည်။ ထိုမူဘောင်သည် အခရာကျသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိုအဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက် နေသည့် လုပ်ငန်းများအပေါ် မည်သည့်သက်ရောက်မှုများ ရှိလာနိုင်ပါသနည်း။

# လက်ရှိ နိုင်ငံရေး အခင်းအကျင်း

မြန်မာနိုင်ငံသည် အာဏာရှင်အုပ်စိုးမှု (authoritarian rule) အောက်တွင် နှစ်ပေါင်း ၅၀ ကျော်နေခဲ့ရသည်။ သို့သော် သိသာထင်ရှားသည့် နိုင်ငံရေးအပြောင်းအလဲများ တွေ့မြင်လာခဲ့ရပြီး ၂၀၁၁ ခုနှစ်အရောက်တွင် အရပ်သားတစ်ပိုင်း အစိုးရအဖွဲ့ အာဏာရရှိလာခဲ့ပါသည်။ ထိုမတိုင်မီကမူ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝိုင်းပယ်ထားခြင်းခံရသဖြင့် သိသိသာသာ အထီးကျန် ဖြစ်နေခဲ့ပါသည်။ သို့ရာတွင် သမ္မတဟောင်းဦးသိန်းစိန်လက်ထက်၌ နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင် ပြောင်းလဲမှုများကြောင့် တိုင်းပြည်အတွင်းသို့ နိုင်ငံတကာမှ (ကူညီထောက်ပံမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ) ဝင်ရောက်လာ ပြီး ဘဏ္ဍာရေးအရ ပံ့ပိုးကူညီမှု အများအပြားလည်း ရရှိလာခဲ့ပါသည်။[၁၀] ထို့ကြောင့် တဖြည်းဖြည်းနှင့် လမ်းပွင့်လာပြီး တိုင်းပြည်၏ ဒီမိုကရေစီနည်းကျ ခေါင်းဆောင်မှုဆီသို့ ဦးတည်ရွေ့လျားခဲ့ပါသည်။

၂၀၁၆ ခုနှစ် မတ်လ၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီ အာဏာရလာသည့်အခါ ၁၉၆၂ ခုနှစ် နောက်ပိုင်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် ပထမဦးဆုံး အစိုးရ အဖွဲ့ ဖြစ်လာခဲ့ပါသည်။ NLD ပါတီ၏အောင်ပွဲအပေါ် ပြည်တွင်းနှင့်နိုင်ငံတကာ အသိုင်းအဝိုင်း နှစ်ခုလုံးက အကောင်းမြင်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုအောက်တွင် ပို၍ ခရီးတွင်လိမ့်မည်ဟုလည်း ယုံကြည်ခဲ့ကြပါသည်။ NLD ပါတီ အစိုးရလက်ထက် လွှတ်တော်ထဲတွင် လည်း နိုင်ငံရေးအကျဉ်းသားဟောင်းဘဝမှ လွှတ်တော်အမတ်ဖြစ်လာသူဦးရေ ခန့်မှန်းခြေ လူ ၁၀၀ နီးပါးခန့် ရှိလာခဲ့ပါသည်။ ထို့ကြောင့် အစိုးရသစ်လက်ထက်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာစေမည့် လက္ခဏာများ တွေ့မြင်လာရတော့မည်ဟု အခရာကျသည့် အရပ်ဘက် အဖွဲ့အစည်းများနှင့် အလှူရှင်များက ယုံကြည်ခဲ့ကြပါသည်။[၁၁] NLD အစိုးရသစ် တက်ကာစ အစော ပိုင်းကာလများ၌ ရာနှင့်ချီသည့် နိုင်ငံရေးအကျဉ်းသားများကို တရားဝင်လွှတ်ငြိမ်းချမ်းသာခွင့်များ ထုတ်ပြန်၍ လွှတ်ပေးခြင်းအပါအဝင် အပြုသဘောဆောင်သည့်လက္ခဏာတချို့ တွေ့မြင်ခဲ့ရလင့်ကစား ပြုပြင်ပြောင်းလဲမှုများမှာ မူများသောအားဖြင့် ရပ်တန့်နေ သို့မဟုတ် နောက်ပြန်ဆုတ် နေသည်ကို တွေ့မြင်ခဲ့ရပါသည်။[၁၂]

တဖန် တပ်မတော်ကလည်း အရပ်သား အစိုးရအဖွဲ့အပေါ် သိသိသာသာ ထိန်းချုပ်ထားနိုင် ဆဲဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်များ တွင်လည်း (၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ) ခွဲတမ်းဖြစ်သော တပ်မတော်သား လွှတ်တော် အမတ် ၂၅ ရာခိုင်နှုန်း ရယူထားပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းအပေါ် ဗီတိုအာဏာသဘောမျိုး ထိထိရောက်ရောက်ကန့်ကွက်ဟန့်တားနိုင်နေဆဲဖြစ်ပါသည်။[၁၃] ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ အုပ်ချုပ်ရေးတွင် အရေးပါသည့်အဓိက ကျသော ဝန်ကြီးဌာနများကိုလည်း တပ်မတော်က ဆက်လက် ထိန်းချုပ်ထားနိုင်ဆဲဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန (ရဲတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့) ဌာနခွဲ နှစ်ခုလုံးမှာ ပြည်ထဲရေးအောက်တွင် ရှိပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှာ တပ်မတော်၏ ထိန်းချုပ်မှု အောက်တွင်ရှိနေပါသည်။[၁၄] ထိုအတွက်ကြောင့် စစ်တပ်အနေဖြင့် အခရာကျသည့် အရပ်ဘက်အဖွဲ့အစည်းများအပေါ်တွင်ပါ လိုသည်ထက်ပိုသော လွှမ်းမိုးမှုမျိုး ပြုလုပ်၍ထိန်းချုပ်နိုင်သည့်သဘော သက်ရောက်သွားပါသည်။ ထိုသို့ ထိန်းချုပ်နိုင်သည်ဟူသောအချက်မှာ တရားစီရင်ရေးစနစ်အပေါ် တွင်ပါ အစိုးရနှင့် တပ်မတော်တို့က တရားသူကြီးများအပေါ် လွှမ်းမိုးထားနိုင်ခြင်းမှာလည်း လွတ်လပ်ပြီး အမှီခိုကင်းသည့် တရားစီရင်ရေးစနစ်ကို အဓိကအတားအဆီး၊ အဟန့်အတား ဖြစ်နေခဲ့ပါသည်။[၁၅] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှ ဆွဲထုတ်ကာ အရပ်ဘက်အုပ်ချုပ်မှုအောက်သို့ပြောင်းရွှေ့ခဲ့သည့် NLD အစိုးရ၏ ဆောင်ရွက်ချက်/လုပ်ဆောင်ချက် မှာမူ လက် ရှိအစိုးရလက်ထက်တွင် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများထဲမှ တစ်ခုအပါအဝင်ဖြစ်ခဲ့ပါ သည်။ ထို့ပြင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု(public administration) အတွက် အဓိကကျသောအဖွဲ့အ စည်းတစ်ခုကို စစ်ဘောင်ချုံ့၍ အရပ်ဘက်ထိန်းချုပ်မှုအောက်တွင်ထားရှိနိုင်အောင် ထိထိရောက် ရောက်လုပ်ဆောင်နိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။[၁၆]

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဆက်သွားနေဆဲဖြစ်သော်လည်း တပ်မတော်နှင့်တိုင်း ရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲများမှာလည်း တိုင်းပြည်အနှံ့အပြား၌ ပုံစံအ မျိုးမျိုး၊ အခြေအနေအမျိုးမျိုးဖြင့် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး၊ သိသိသာသာပင် အရှိန်အဟုန် မြင့်တက်လာခဲ့ပါသည်။ သို့ဖြစ်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက် မည့် ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများအတွက်လည်း များပြားလှသည့်စိန်ခေါ်မှုများ ဖြစ် လာခဲ့ရပါသည်။ ထို့ပြင် နိုင်ငံခြားမှကူညီထောက်ပံ့မှုများ၏ သိသာထင်ရှားသည့် အချိုးအစားတစ် ရပ်ကို ငြိမ်းချမ်းတည်ဆောက်မှုလုပ်ငန်းစဥ်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံအဝှမ်းလုံခြုံရေး/ဘေးကင်းရေးကိစ္စရပ်များ ပိုမိုတိုးမြင့်ဖြစ် ထွန်းလာရေးအတွက် ရည်စူးထားသည်။[၁၇] ဤစာတမ်းတွင် ဆွေးနွေးထားသော လုံခြုံရေးဆိုသည်မှာ တပ်မတော်ကို ထောက်ပံ့ပေးခြင်းကို ဆိုလိုရင်းမဟုတ်ဘဲ ပြည်သူလူထု၏ လုံခြုံရေး/ဘေးကင်း ရေးဖြစ်သည်။ ထို့အပြင် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ခြင်းလည်း ပါသည်။ လက်ရှိ ဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် ကချင်၊ ကရင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့မှ နေရပ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၂၆၁,၀၀၀ ရှိလာပြီဖြစ်သည်။ အဆိုပါ စစ်ဘေးရှောင် ဒုက္ခသည်

များ ဆက်လက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို မှီခိုအားထားနေကြရပါ သည်။[၁၈၊၁၉]

# မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အလှူရှင်များ၏ ထိတွေ့ဆက်ဆံမှု နောက်ခံသမိုင်းကြောင်း



## လွတ်လပ်ရေးရပြီးနောက်ပိုင်း ထောက်ပံ့ကူညီမှု

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးပါသော အလှူရှင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေခဲ့သည်။ ၁၉၅၄ ခုနှစ် ဂျီနီဗာ ငြိမ်းချမ်းရေး ညီလာခံကြီး ကျင်းပ ပြီးစီးသွားခြင်းကြောင့်လည်း နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးမှာ ပုံမှန် အခြေအနေသို့ ချောချောမွေ့မွေ့ ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။ ထို့အပြင် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီး နေဝင်း အာဏာသိမ်းပြီး နောက်ပိုင်းတွင်လည်း (နိုင်ငံတကာ၏ ဝိုင်းပယ်ခံထားရသည့် အချိန်ကာလတစ်ခုကို ဖြတ်သန်းခဲ့ရသည့်တိုင်) ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ထိတွေ့ဆက်ဆံမှုအဆင့်တချို့ကို ဆက်လက် ပြုလုပ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း အခြားသော နိုင်ငံများနှင့် အဖွဲ့ အစည်းများထံမှ အလှူရှင်ပုံစံမျိုး ထိတွေ့ဆက်ဆံခြင်း ကျဲပါးခဲ့သည့်အပြင် စစ်အစိုးရက ကြွေးမြီများ ပြန်မဆပ်နိုင်သည့်နောက် နည်းပါးလှသည့် ကူညီထောက်ပံ့မှုများပင်မရှိသလောက် ဖြစ်သွားခဲ့ ရသည်။ ထို့ပြင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက ကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် ငြင်းဆန်ခဲ့ခြင်းကြောင့် ၁၉၈၀ ပြည့်လွန်နှစ်များမှ စတင်ကာ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးတိုးတက်မှု ဘဏ်တို့က ၎င်းတို့၏ စီမံကိန်းများကို ပိတ်သိမ်းပစ်ခဲ့ကြပါသည်။

၁၉၈၈ ခုနှစ် နိုင်ငံအနှံ့ ဆန္ဒပြကန့်ကွက်မှုကြီးကြောင့် မြန်မာနိုင်ငံအပေါ် အလှူရှင်များ၏ ထိတွေ့ဆက်ဆံမှုပုံစံ သိသိသာသာ ပြောင်းလဲလာခဲ့ပါသည်။ ၈၈၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီး အတွင်း သံဃာတော်များ၊ ကျောင်းသားများ၊ သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက်မှ ပညာရှင်များ၊ ကလေးများ၊ အိမ်ထောင်ရှင်မများနှင့် တပ်မတော်သားအချို့အပါအဝင် လူထောင်ပေါင်းများစွာ လမ်း ပေါ်သို့ ထွက်ခဲ့ကြပြီး(၁၉၈၈ ခုနှစ် မတ်လမှစက်တင်ဘာလအထိ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများတွင်) ပူးပေါင်း ပါဝင်ခဲ့ကြသည်။ ထို့နောက် စစ်တပ်က ဆန္ဒပြသူများအား ပစ်ခတ်ဖြိုခွင်းခဲ့ရာ ခန့်မှန်း ခြေ လူဦးရေ ၁ သောင်းခန့် သေဆုံးခဲ့ကြရပြီး မရေမတွက်နိုင်သော လူပေါင်းများစွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြ

ပါသည်။ ထိုနည်းတူ ခန့်မှန်းခြေ ကျောင်းသားဦးရေ ၁ သောင်းခန့်မှာလည်း စစ်အစိုးရအား လက်နက်စွဲကိုင် ဆန့်ကျင်တော်လှန် တိုက်ခိုက်ရန် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထား သည့် ဒေသများသို့ တိမ်းရှောင်သွားခဲ့ကြပြီး ကျောင်းသားအများစုမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်း သားများ ဒီမိုကရက်တစ် တပ်ဦး(ABSDF) သို့ သွားရောက်ပူးပေါင်းခဲ့ကြပါသည်။

ဆန္ဒပြသူများအပေါ် အကြမ်းဖက်ဖိနှိပ်နှိမ်နင်းခဲ့ခြင်းအား တုံ့ပြန်သည့်အနေဖြင့် နိုင်ငံတကာ အစိုးရအဖွဲ့များဘက်က ကူညီထောက်ပံ့မှုများကို ယာယီရွှေ့ဆိုင်းခဲ့ပါသည်။ ထို့ပြင် သက်ဆိုင်ရာ သံရုံးများကို ပိတ်ပစ်ခြင်း၊ သံရုံးဝန်ထမ်းများအား ပြန်လည်ခေါ်ယူခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြပါ သည်။ ဂျပန်နိုင်ငံသည် ၁၉၈၉ ခုနှစ်၌ ဘဏ္ဍာရေးအရ ကူညီထောက်ပံ့မှုများကို ပထမဦးဆုံး ပြန် လည်စတင်ခဲ့သော်လည်း OECD အဖွဲ့ဝင်နိုင်ငံများ၏ ကန့်ကွက်မှုများကြောင့် ၂၀၀၀ ပြည့်နှစ် အစောပိုင်းရောက်မှသာ ၎င်းတို့၏ ကူညီထောက်ပံ့မှုများကို စတင်နိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြား အချိန်ကာလများတွင်မူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ) စစ်အစိုးရက တရုတ်နိုင်ငံနှင့် ခိုင်မြဲ သည့် ဆက်ဆံရေးတစ်ရပ် ထူထောင်ခဲ့ပြီး ဒေသတွင်း စည်းလုံးညီညွတ်ရေးသို့ ရှေးရှုခဲ့ပါသည်။

၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီး ပေါ်ပေါက်ပြီးနောက် တက်ကြွလှုပ်ရှားသူအများစုမှာ ပြည် ပြေးဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် တောခိုရသည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ထိန်းချုပ်ထားရာ နေရာဒေသများသို့ ထွက်ပြေးခိုလှုံခဲ့ကြရပါသည်။ တက်ကြွလှုပ်ရှားသူများ ထွက်ပြေးခိုလှုံကြရခြင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ထိုင်း-မြန်မာ နယ်စပ်တလျှောက် စစ်ဘေးရှောင်ပြည်သူများ ရောက်ရှိလာချိန်တို့ တိုက်ဆိုင်သွားခဲ့သည်။ နယ်စပ် တလျှောက်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားရာ နယ်မြေဒေသများရှိ လူ့အဖွဲ့အစည်းများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုနှင့် အခြေခံ ဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် ပြည်ပြေးအဖွဲ့အစည်းများက အခရာဖြစ်လာခဲ့ပါသည်။ အဆိုပါ အချိန်ကာလအတွင်း ထိုင်းနိုင်ငံချင်းမိုင်နှင့်မဲဆောက်မှ အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားမှုများမှာ လည်းအရှိန်ရလာသည်။ တချိန်တည်းမှာပင် အဓိက ကျသော အရပ်ဘက်အဖွဲ့အစည်းများမှာလည်း လူ့အခွင့်အရေးကိစ္စရပ်များနှင့်ပတ်သက်၍ အသံပိုထွက်လာနိုင်ခဲ့ပါသည်။ ထိုအချိန်၌ နိုင်ငံတကာ အဖွဲ့အစည်းအားလုံးနီးပါးသည် စစ်အစိုးရအပေါ် တိုက်ရိုက်ပံ့ပိုးကူညီမှု ပြုလုပ်ပေးရန် ငြင်းဆန်ခဲ့ကြ သဖြင့် ပြည်တွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများထံသို့ ကူညီထောက်ပံ့မှုများရောက်မလာခဲ့ပါ။ နယ်စပ် တွင်မူ ရံပုံငွေ အထောက်အပံ့ခံ အဖွဲ့အစည်းများ ရှိနေပါပြီ။

နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက် အရေးပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ထိ ရောက်အောင် ပြုလုပ်နိုင်စွမ်းရှိကြောင်း အရပ်ဘက်အဖွဲ့အစည်းများက သက်သေပြနိုင်ခဲ့သည်။ အလှူရှင်များ၏ ထိတွေ့ဆက်ဆံမှုပုံစံမှာလည်း သိသာထင်ရှားစွာ ပြောင်းလဲသွားခဲ့ပါသည်။ နာဂစ် မုန်တိုင်းသည် မြန်မာ့သမိုင်းတလျှောက် အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်များအနက် တစ်ခု အပါအဝင်ဖြစ်သည်ဟုဆိုရပါမည်။ ၂၀၀၈ ခုနှစ်မေလ၌ ဖြစ်ပွားခဲ့သောနာဂစ်မုန်တိုင်းကြောင့် လူဦးရေ ခန့်မှန်းခြေ ၁၄၀,၀၀၀ နီးပါးသေဆုံးခဲ့ကြရသည်။ လူဦးရေ ၂ ဒသမ ၄ သန်း အပေါ်တွင်ပါ ဆိုးဆိုးရွား ရွားသက်ရောက်မှု ဖြစ်စေခဲ့ပါသည်။ ပြည်တွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများသည် အရေးပေါ် အခြေအနေတွင် ပထမဦးဆုံး ထိရောက်စွာတုံ့ပြန်သူများဖြစ်လာစေရန် စုစည်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများလုပ်ဆောင်ရာတွင်လည်း အရေးပါသည့်ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ပေးခဲ့ကြပါသည်။ အစောပိုင်းတွင် နိုင်ငံတကာမှပေးအပ်ကူညီမည့် အထောက်အ ပံ့များကို စစ်အစိုးရဘက်ကငြင်းဆန်ခဲ့ပါသည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည့်ငွေကြေးပိုင်းနှင့် ပစ္စည်းပစ္စယများကို မြန်မာပြည်တွင်းရှိ တသီးပုဂ္ဂလ အလှူရှင်များနှင့် ပုဂ္ဂလိက ကုမ္ပဏီများက ကူညီထောက်ပံ့ခဲ့ကြရသည်။ [၂၀]

နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုအားလုံးတားမြစ်ပိတ်ပင်ခံထားရသော အရေးပေါ်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အစောပိုင်းရက်သတ္တပတ်များအတွင်း အရပ် ဘက်အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့်တွန်းတွန်းတိုက်တိုက် ဆောင်ရွက်နေသည့်ကူညီထောက်ပံ့ မှုများ အပေါ် ထိရောက်မှုရှိ၊ မရှိ ခြုံငုံ သုံးသပ်ကြည့်ရာ သိသာထင်ရှားသည့် အချက် အလက်အချို့ကို မီးမောင်းထိုးပြနိုင်ခဲ့ပါသည်။ အရေးကြီးသည့်အချက်မှာ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် စစ်အစိုးရ တို့ ကို အရပ်ဘက်အဖွဲ့အစည်းများ အမှန်တကယ် "တည်ရှိ"နေကြောင်းနှင့် တိုးတက်မည့်အလားအ လာများစွာရှိကြောင်း ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။[၂၁] ထိုနောက်ပိုင်းတွင်မူ မြန်မာနိုင်ငံ အတွင်းသို့ နိုင်ငံတကာမှ INGOs အဖွဲ့အစည်းများ အလုံးအရင်းဖြင့်ဝင်ရောက်လာသည်ကို တွေ့မြင်ခဲ့ ရသည်။ နိုင်ငံခြားအဖွဲ့အစည်း အရေအတွက်မှာလည်း နာဂစ်မုန်တိုင်းဒဏ်ရင်ဆိုင်ရချိန်တွင် ရှိနေသည့် အရေအတွက်ထက် နှစ်ဆနီးပါး (အဖွဲ့အစည်းပေါင်း ၄၀ မှ ၁၀၀ အထိ) ရှိလာခဲ့ပါသည်။[၂၂] နောက်ပိုင်းနှစ်များတွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားအဖွဲ့အစည်းများဖြေးဖြေးနှင့်မှန်မှန် ဝင် ရောက်လာခဲ့ကြပါသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် အလှူရှင်များထံမှ ပံ့ပိုးကူညီမှုများသည် တိုင်းပြည် အတွင်းသို့ တိုက်ရိုက်စတင်ဝင်ရောက်လာခဲ့ရာ၊ ထိုပုံစံအတိုင်း ယနေ့တိုင်အောင်ဆက်လက်လုပ် ဆောင်ခဲ့ကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း၌ပင် ဖြစ်သော်လည်း ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ "မြေစာပင်"လူ့အဖွဲ့အစည်းများထံသို့ ထိတွေ့ပေါက်ရောက်ရန် မဖြစ်နိုင်သေးသဖြင့် နယ်စပ်ဖြတ် ကျော်၍ ကူညီထောက်ပံ့မှုပေးခြင်းမှာလည်း အရေးပါနေဆဲဖြစ်ပါသည်။[၂၃] တဖန် နယ်စပ်ဒေသရှိ ရန်ပုံငွေအများစုကိုလည်း ဖြတ်တောက်ထားသဖြင့်၊ အလှူရှင်များ၏ အဆိုပါမူဝါဒအပြောင်းအလဲ ဒဏ်ကို သတင်းမီဒီယာများနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်းများ ခံစားခဲ့ ကြရပါသည်။[၂၄]

# နိုင်ငံရေး အသွင်ကူးပြောင်းမှု

သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်တွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး အသွင်ကူးပြောင်းမှု ကြောင့် မြန်မာနိုင်ငံအတွက် (နိုင်ငံတကာ) အလှူရှင်များ၏ ထိတွေ့ဆက်ဆံမှုနှင့် သံတမန်ရေးရာ ဆက်ဆံမှုပုံစံများမှာ မကြာသေးမီ အချိန်အတွင်း သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ဦးသိန်းစိန် ပြုလုပ်နေသည့် စီးပွားရေးနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ရိုးသားဖြောင့်မတ်ကြောင်း ဗိုလ်ချုပ် ကြီး (ဟောင်း) သိန်းစိန်က အာမခံခဲ့သည့်အပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းဖက်မှလည်း သံသယရှင်း သွားခဲ့သည်။ ထို့ကြောင့် ပြန်လည်ပေးဆပ်ရမည့် ကြွေးမြီ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံနီးပါးကို လျှော်ပေးခဲ့ပြီး ကြွေးမြီအများစုကို လျှော်ပစ်ခဲ့သူမှာ ဂျပန်နိုင်ငံပင်ဖြစ်ပါသည်။[၂၅] နောက်ပိုင်းနှစ်များတွင်လည်း တိုင်းပြည်အတွင်း INGOs များနှင့်အလှူရှင်များ မှိုလိုပေါက် လာခဲ့သည်။ ထို့နောက် နှစ်ဦးနှစ်ဖက်သဘောတူကူညီထောက်ပံ့ရေးအစီအစဉ်များ၊ နိုင်ငံတကာအဖွဲ့အစည်း ပေါင်းစုံ၏ ကူညီထောက်ပံ့ရေးအစီအစဉ်များလည်း ဖြေးဖြေးချင်းတိုးချဲ့လာခဲ့ပါသည်။ တချိန်တည်း မှာပင် ကူညီထောက်ပံ့မှုပမာဏမှာလည်း စဉ်ဆက်မပြတ်တိုးတက်လာနေခဲ့ရာ ၂၀၁၅ ခုနှစ် စာရင်း များအရ ကမ္ဘာပေါ်ရှိကူညီထောက်ပံ့မှုအခံရဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကနံပါတ်ခုနစ် ချိတ်ခဲ့ သည်။[၂၆]

အလှူရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုင်းပြည်အတွင်းသို့ အမြောက်အမြားစီးဝင် လာခြင်းကြောင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့စဉ်ဆက်မပြတ် ဖြစ် ပေါ်လာခဲ့ပါသည်။[၂၇] ၂၀၁၆ ခုနှစ် နိုဝင်ဘာလ၌ အလှူရှင်များ၏ အစီရင်ခံချက်အရ ဆောင်ရွက်နေဆဲ စီမံကိန်းပေါင်း ၅၂၂ ခုရှိပြီး ကူညီထောက်ပံ့ပေးမည်ဟု ကတိပြုထားသည့် တစ်ပေါင်းတစ်စည်းတည်း သောဘတ်ဂျက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ ဖြစ်သည်ဟု တင်ပြထားပါသည်။[၂၈၊၂၉] ယနေ့ ကာလတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိနိုင်ငံများအနက် နိုင်ငံခြားကူညီထောက်ပံ့မှုကို အများဆုံး လက်ခံရရှိနေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့အချိန်အထိရှိနေဆဲဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇန္နဝါရီ လမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံကိုပံ့ပိုးကူညီငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉၄.၁၀ သန်း ပေးခဲ့ပြီး၊ ထိုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကို အခြေခံကျန်းမာရေးကဏ္ဍ၊ အစိုးရနှင့်အရပ်ဘက်လူမှုအဖွဲ့ အစည်းများကဏ္ဍ၊ ပဋိပက္ခဖြေရှင်းရေးနှင့် တားဆီးရေးဏ္ဍများအတွက် သုံးစွဲခဲ့သည်။[၃၀]

မြန်မာနိုင်ငံ ကာလရှည်အထီးကျန်ဖြစ်နေချိန်က အလှူရှင်များသည်နယ်စပ်ဖြတ်ကျော် အရပ် ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကိုဦးစားပေး၍ ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။ သို့ရာ တွင် နိုင်ငံရေးအရအသွင်ကူးပြောင်းမှု စတင်ဆောင်ရွက်လာသောအခါတွင်မူ ထိုင်း-မြန်မာ နယ်စပ်တ လျှောက်၌ အလှူရှင်များ၏ ငွေကြေးထောက်ပံ့မှုများ စတင်ခမ်းခြောက်လာပါသည်။ [၃၁] နယ်စပ်ရန်ပုံ ငွေထောက်ပံ့မှုတွင် ဆယ်စုနှစ် နှစ်ခုကျော်ကြာ အဓိကပံ့ပိုးကူညီပေးသူ ဖြစ်ခဲ့သော နော်ဝေနိုင်ငံသည် ကူညီထောက်ပံ့မှုများကို ပထမဦးဆုံး လျှော့ချခဲ့သော နိုင်ငံဖြစ်လာခဲ့သည်။ နောက် ပိုင်းနှစ်များတွင် ရန်ပုံငွေကိစ္စမှာ ရောမလွဲချော်မှုကြီးတစ်ခုဖြစ်သည်ဟု အဖွဲ့အစည်းအများစုကရှုမြင်သုံးသပ်ခဲ့ကြ ပါသည်။ ယ ခု ကဲ့ သို့ ရံ ပုံ ငွေ ဖြေး ဖြေး ချ င်း လျှော့ ချ ဖြ တ်တော က်သ ည့် လှုပ်ရှားမှု၏ရိုက်ခတ်မှုကို အပြင်း ထန်ဆုံး ခံခဲ့ကြရသူများမှာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများပင် ဖြစ်ကြပါသည်။ အဆိုပါ အဖွဲ့အစည်းများမှာ မြန်မာနိုင်ငံပြင်ပတွင် အခြေစိုက်ခြင်းကြောင့် ပြည်တွင်း ရှိ အဖွဲ့အစည်းများနှင့်နှိုင်းယှဉ်လျှင် ကောင်းကျိုးအခွင့်အရေးများရခဲ့လင့်ကစား ရန်ပုံငွေလျှော့ချ ဖြတ်တောက်မှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားခဲ့ကြရပါသည်။ နိုင်ငံခြားဘဏ်တစ်ခု၌ ငွေစာရင်းဖွင့် လှစ်ထားခြင်း သို့မဟုတ် မိမိတို့၏ အဖွဲ့အစည်းအား မြန်မာနိုင်ငံပြင်ပတွင် မှတ်ပုံတင်ထားခြင်း ကြောင့် အစိုးရက (ပြည်တွင်းရှိအဖွဲ့အစည်းများအပေါ် ဝင်ရောက်စွက်ဖက်မှုပြုလုပ်သည့်နည်း အတိုင်း) ဝင်ရောက်စွက်ဖက်၍ မရတော့ပါ။ ထို့ကြောင့် ပြည်ပရောက် အဖွဲ့အစည်းများအတွက် နေရာလွတ်များ ပိုမိုရရှိလာခဲ့ရာ လူ့အခွင့်အရေးသို့မဟုတ် နိုင်ငံရေးအရ အသစ်ဖြစ်ပေါ်တိုးတက် မှုများနှင့် ပတ်သက်၍ အသံပိုထွက်နိုင်ပြီး ဝေဖန်မှုများလည်းပိုမိုပြုလုပ်နိုင်ပါသည်။ ထို့ပြင် နယ်စပ် တလျှောက်ရှိ ဒုက္ခသည်စခန်းများတွင် ထောင်နှင့်ချီသည့် ဒုက္ခသည်များရှိနေကြသေးရာ နယ်စပ်ဖြတ် ကျော် ကူညီထောက်ပံ့မှုမှာလည်း ယနေ့ထက်တိုင် အရေးပါနေဆဲဖြစ်ပါသည်။ နယ်စပ်ရှိ အဖွဲ့အစည်း များအနေဖြင့် ပြည်တွင်းရှိအဖွဲ့အစည်းများ ဝင်ထွက်ပေါက်ရောက်နိုင်ခြင်း မရှိသေးသောပြည်တွင်းမှ ပဋိပက္ခ ဖြစ်ပွားရာ နေရာဒေသများအတွက် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအဖြစ် ရှိနေဆဲပင် ဖြစ်သည်။[၃၂]

ထို့နောက် အလှူရှင်များထံမှ ရန်ပုံငွေ ငွေကြေးထောက်ပံ့မှုများသည် "ငြိမ်းချမ်းရေး လုပ် ငန်းစဉ်" များဖက်သို့ ဖြည်းဖြည်းချင်းရွေ့ပြောင်းလာနေသည်။[၃၃] သို့သော် အဆိုပါ ရံပုံငွေ ပံ့ပိုးကူညီမှု အများစုမှာလည်း အစိုးရထံသို့ တိုက်ရိုက်ရောက်ရှိသွားသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်း အများ စုမှ ကိုယ်စားလှယ်များက အစီရင်ခံခဲ့ကြပါသည်။ ထို့ပြင် လက်ရှိသွားနေသည့် ငြိမ်းချမ်းရေး လုပ်ငန်း စဉ်၏ တရားဝင် လုပ်ထုံးလုပ်နည်းယန္တရားအတွင်း (ပါဝင်ခြင်း မပြုနိုင်ရန်) အရပ်ဘက်လူမှုအဖွဲ့အ စည်းအများစုကို ဖယ်ထုတ်ထားခြင်းမှာလည်း သိသာထင်ရှားလှသည့် အချက်တစ်ချက်ပင် ဖြစ်ပါ သည်။ ထို့ကြောင့် အကန့်အသတ်ဖြင့်သာ လုပ်ပိုင်ခွင့်ရရှိမှု၊ အစိုးရက ဦးစီးရွေ့ဆောင်နေသည့် တရားဝင် လုပ်ငန်းစဉ်များအပေါ်တွင်သာ အလှူရှင်များက အာရုံစိုက်ထားမှုစသည်တို့ကိုလည်း အရပ် ဘက်အဖွဲ့အစည်းခေါင်းဆောင် အများစုက မကျေမနပ် ဖြစ်ခဲ့ကြပါသည်။[၃၄]

အလှူရှင် အချို့ကသာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်အပေါ် အထူးသီးသန့် အာရုံစိုက်ခဲ့ကြပြီး၊ အလှူရှင်အများစုမှာမူ အကြောင်းအရာပေါ်မူ တည်၍သာ ကူညီထောက်ပံ့နေကြဆဲ ဖြစ်ပါသည်။[၃၅] ဤသည်မှာလည်း ငြိမ်းချမ်းရေး တည်ဆောက် မှုဖြစ်စဉ်တွင် မည်ကဲ့သို့ပါဝင်ရမည်ဟူသော တညီတညွတ်တည်းသဘောချင်းကိုက်ညီမှု မရရှိသေး ခြင်းက တစ်စိတ်တစ်ပိုင်း ပါဝင်နေပါသည်။ ထို့ကြောင့်လည်း အလှူရှင်များက "ငြိမ်းချမ်းရေး" ဟူသော ကျယ်ပြန့်လှသည့် ခေါင်းစဉ်ကြီးအောက်မှ ကွဲပြားခြားနားသော လှုပ်ရှားမှုပုံစံ အမျိုးမျိုး အပေါ် ထောက်ပံ့ပေးလိုခြင်း ဖြစ်ပါသည်။[၃၆] ထိုနားလည်မှု

ဖြင့်ပင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်



အပေါ် လွှမ်းမိုးသက်ရောက်နိုင်သည့် နည်းလမ်းများရှာဖွေပြီး အဓိက ကူညီပံ့ပိုးပေးသော အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေပါသည်။ ထိုနည်းတူ အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် စောင့်ကြည့်လေ့လာခြင်း၊ ဦးစီးရှေ့ဆောင် လှုပ်ရှားခြင်း၊ အကာအကွယ် ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် လူမှုရေးအရ သဟဇာတ ဖြစ်ခြင်းစသဖြင့် များပြားလှသော အခန်း ကဏ္ဍများ၌ ဆက်လက်ပါဝင်လှုပ်ရှားနေရမည်သာ ဖြစ်ပါသည်။[၂၇] များသောအားဖြင့် မြန်မာနိုင်ငံရှိ CSOs များသည် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်ကြပြီး ပြောင်းလဲ တတ်သည့် အခြေအနေအကြောင်းတရားများနှင့် ပတ်သက်လာလျှင်လည်း လိုက်လျောညီထွေ ဆောင်ရွက်နိုင်စွမ်း ရှိကြပါသည်။ ထိုနည်းတူ ပြောင်းလဲနေသည့် လိုအပ်ချက်များအရ အမျိုးမျိုးသော အခန်းကဏ္ဍများနှင့် တာဝန်များကိုလည်း တာဝန်ယူထမ်းရွက်နိုင်စွမ်း ရှိကြပါသည်။ [၂၈] ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ပေါ်ထွက်လာသည့်လမ်းကြောင်းသစ်မှာ အလှူရှင်များသည် မတူကွဲပြား သည့် ကဏ္ဍများကိုဖြန့်ခွဲ၍ အစိုးရအားကျယ်ကျယ်ပြန့်ပြန့် ထောက်ပံ့ပေးခြင်းကိုဦးစားပေးရန် ဖြစ်ပါသည်။

# အရပ်ဘက်အဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းတည်ထောင်ခြင်း၏သက်ရောက်မှု

## အလှူရှင်များက မည်ကဲ့သို့ ရွေးချယ်မှု ပြုလုပ်ပါသနည်း။

အလှူရှင်များက ၎င်းတို့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်မည့် အရပ်ဘက်အဖွဲ့အစည်းများ ကို ရွေးချယ်ရာ၌ များသောအားဖြင့် အဆိုပါ အရပ်ဘက်အဖွဲ့အစည်း၏ ယခင်က လုပ်နည်းလုပ် ဟန်များ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများအပြင် လိုက်နာကျင့်သုံးမှုရှိခြင်း၊ ပုဂ္ဂိုလ်ရေးကွန်ရက်များမှတဆင့် သိထားခြင်း သို့မဟုတ် ကနဦး အထင်ကြီးလေးစားမှုတို့ အပေါ်အခြေခံ၍ ဆုံးဖြတ်ကြသည်။ အလှူရှင် များအနေဖြင့် လူ့အဖွဲ့အစည်း၏အကျိုးကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နေကြသူများ အပေါ် အတိုင်း အတာပမာဏတစ်ခုအထိ ထောက်ပံ့ပေးခဲ့သည်ဟူသော စကားကိုကြားလိုကြပါသည်။ သို့သော်လည်း အချို့ကိစ္စများတွင် နှစ်သက်သည့် လူအချို့ကိုသာ ထောက်ပံ့ရန် ရွေးချယ်မှုများ ရှိနေတတ်ပါသည်။[၂၉] အငြင်းပွားစရာရှိသည်မှာ အလှူရှင်များဘက်မှလိုအပ်ချက်၏ စစ်မှန်သော သဘောသဘာဝကိုယ် တိုင်ကပင် "ကိုယ်တိုင် ရွေးချယ်ခေါ်ယူသည့် လုပ်ငန်းစဉ်"က သတ်မှတ်ထားပြီး ဖြစ်သောကြောင့် ဖြစ် ပါသည်။ အဖွဲ့

အစည်းတစ်ရပ်တွင် ရှိသင့်ရှိထိုက်သည့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက် ပုံများ၊ မူဝါဒများ၊ လိုက်နာကျင့်သုံးမှုလုပ်ငန်းစဉ်များ၊ တရားဝင်ဖွဲ့စည်းထားသည့် သို့မဟုတ် စောင့် ကြည့်လေ့လာသည့်စနစ်များမှာ အခြားသောအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန်အတွက် အခြေခံ ဖြစ်ပါသည်။ ထို့ပြင် ဥပဒေချမှတ်ပြဋ္ဌာန်းခြင်းမှာလည်း ရွေးချယ်မှုလုပ်ငန်းစဉ်ကို အဆုံးအဖြတ်ပေး သည့် အချက်တစ်ချက်ဖြစ်တတ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော အခြေအနေမျိုးတွင် ပဓါနကျသည့် အရပ်ဘက် အဖွဲ့အစည်းများသည် ဖွံ့ဖြိုးတိုးတက်ရန် အခြေတည်ကာစ အနေအထားမျိုးတွင်သာ ရှိနေဆဲဖြစ်ပြီး အလှူရှင်များဘက်မှ တောင်းဆိုသည့် လိုအပ်ချက်များနှင့် ကိုက်ညီနိုင်သည့် အဖွဲ့အ စည်းများမှာလည်း လက်ချိုးရေတွက်နိုင်ခြင်းက အငြင်းပွားစရာဖြစ်ခဲ့ရသည်။ ထို့ပြင် အင်္ဂလိပ် ဘာသာစကားစွမ်းရည်ကြွယ်ဝခြင်းနှင့် အပြောအဟောများတွင် (အလှူရှင်က) မသိစိတ်မှ တိမ်းညွတ် ကာ ရွေးချယ်မှုအပေါ် လွှမ်းမိုးနေသည့် အချက်များ ဖြစ်လာကြပါသည်။[၄၂] နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့နှင့် လက်တွဲဆောင်ရွက်မည့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများအားရှာဖွေ သောအခါ အဆိုပါ မသိစိတ်မှ တိမ်းညွတ်မှုကို ရံဖန်ရံခါ ကျင့်သုံးတတ်ကြသည်။

"နီးနီးစပ်စပ် လက်လှမ်းမီနိုင်ခြင်း"ကလည်း ရွေးချယ်မှုအပေါ် လွှမ်းမိုးနိုင်သည့် အချက်တစ် ချက် ဖြစ်နိုင်ပါသည်။[၄၃] ကူညီထောက်ပံ့မှုများစွာရရှိနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းအများစုမှာ မြို့လယ်ကောင် သို့မဟုတ် မြို့တွင်း၌ ရုံးခန်းဖွင့်လှစ်ထားကြခြင်း ဖြစ်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့ အစည်းအားလုံးလိုလိုက ဘဏ္ဍာရေးပိုင်းနှင့် ပတ်သက်၍ ရုန်းကန် နေကြရချိန်တွင် ကျေးလက်ဒေသ သို့မဟုတ် ဝေးလံခေါင်ဖျားဒေသများရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှာမူ အထောက်အပံ့ ရသင့်သ လောက်မရခဲ့ကြပါ။ အဆိုပါ ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လက်တွေ့မြေပြင်အ နေအထားအရ ဦးစားပေးရမည့် လိုအပ်ချက်များကို ကောင်းစွာနားလည်သဘောပေါက်ကြသူများ ဖြစ်ကြသည်။ ထိုနည်းတူ ကူညီထောက်ပံ့ရေးအစီအစဉ်မှတဆင့် အကျိုးအမြတ် ရရှိနိုင်သော ထိခိုက် နစ်နာမှုအများဆုံး လူအဖွဲ့အစည်းများ၊ ဖယ်ကျဉ်ခံထားရသူ လူ့အဖွဲ့အစည်းများနှင့် ထိတွေ့ ဆက် ဆံ မှု ပိုမိုပြုလုပ်နိုင်သူများပင် ဖြစ်ကြပါသည်။[၄၄]

မြို့ပေါ်မှ အရပ်ဘက်အဖွဲ့အစည်းများနှင့် နယ်ဘက်ကျေးလက်ဒေသဘက်မှ အရပ်ဘက် အဖွဲ့အစည်းငယ်များအကြား တင်းမာမှုများ မြင့်တက်လာနေသည်ဟုလည်း အချို့အရပ်ဘက်အဖွဲ့အစည်းတချို့က အစီရင်ခံတင်ပြခဲ့ပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း အလှူရှင်များဘက်မှ အမှုမဲ့အမှတ်မဲ့ဖြင့် ရံပုံငွေခွဲဝေဖြန့်ဖြူးပေးလိုက်ခြင်းကြောင့် အရပ်ဘက်အဖွဲ့အစည်းများအကြား နိုင်ငံရေးသဘော ပိုမိုသက်ဝင်လာပြီး ငုပ်လျှိုးနေသည့်ပဋိပက္ခများနှင့် ပြိုင်ဆိုင်မှုများပါ ပေါ်ပေါက် လာခဲ့ရပါသည်။ ထို့ပြင် ကိုးကွယ်ယုံကြည်မှုဘာသာရေးကို အခြေခံသည့် အဖွဲ့အစည်းများအနက် အချို့သော အချို့သောဘာသာများအပေါ်တွင်သာ အလှူရှင်များက ပို၍ မျက်စိကျခဲ့သည်ဟူသော အချက်မှာလည်း မှန်ကန်နေပါသည်။[၄၅] သာဓကအနေဖြင့် နိုင်ငံခြားအလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ကရင် ခရစ်ယန် အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးများ ထူထောင်ခဲ့ကြသည့်တိုင် မြန်မာနိုင်ငံ၏ လူဦးရေအများစုကို ကိုယ်စားပြုနေသည့် ဗုဒ္ဓဘာသာဝင်ကရင်အဖွဲ့အစည်းများနှင့်မူ ထိတွေ့ဆက်ဆံမှုလွန်စွာနည်းပါးခဲ့ပါသည်။[၄၆]

## စေတနာ့ဝန်ထမ်းစနစ်

မြန်မာနိုင်ငံ၌ စေတနာ့ဝန်ထမ်းယဉ်ကျေးမှုမှာ ဘဝနှင့်ယှဉ်သည့်ဘုံရပ်တည်ချက်အမြင် တစ်ခုပင်ဖြစ်ပါသည်။ [၄၇] အဆိုပါ စေတနာ့ဝန်ထမ်းလုပ်ဆောင်ချက်အများစုမှာ မှတ်တမ်းမဝင်၊ အသိအမှတ်ပြုခြင်းလည်း မခံရဘဲ နာဂစ်နှင့် ဂီရိ မုန်တိုင်းကဲ့သို့သော အရေးပေါ်အခြေအနေမျိုးနှင့် ကြုံ လာရလျှင်မူ "အရေးကြုံပါက သက်လုံကောင်း"ခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ဘာသာတရားကိုအလေးအမြတ်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ စေတနာ့ဝန်ထမ်းယဉ်ကျေးမှုမှာလည်း "ကုသိုလ် ပြုလုပ် ခြင်း"ဖြစ်သည်ဟူသောအချက်နှင့် ဆက်နွယ်နေလေ့ရှိပါသည်။ ထို့ပြင် သံဃာတော်များ၊ မယ်သီလရှင် များနှင့် ရှင်သာမဏေများ ပါဝင်ကြသည့်သာသနာ့နွယ်ဝင်များမှာ အရေအတွက်ငါးသိန်းခန့်ရှိပြီး တိုင်းပြည်၏ ဗုဒ္ဓဘာသာဝင်လူများစုအပေါ် သူတော်ကောင်းတရား (၇)ပါးနှင့် ပြည့်စုံအောင် ဆုံးမသွန် သင်ပေးနိုင်စွမ်းရှိသူများလည်း ဖြစ်ကြပါသည်။ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာကဲ့သို့ လူနည်းစု ကိုးကွယ်သည့် ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များသည်လည်း ၎င်းတို့၏ ဘာသာဝင်များ အပေါ် သိသိသာသာ ဩဇာလွှမ်းမိုးနိုင်ကြပြီး ယခင်ကရော ယခုလက်ရှိ၌ပါ လူမှုရေးနှင့် နိုင်ငံရေး လောကတို့တွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။[၄၈]

နောက်ကြောင်းပြန်ကြည့်ပါက ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ အကောင် အထည်ဖော် ဆောင်ရွက်ကြရသည့် အနောက်တိုင်းမှ ပုဂ္ဂိုလ်များသည် လူမှုရေးနှင့် နိုင်ငံရေးအသွင် ပြောင်းလဲမှုများ၌ "ဘာသာရေးနှင့် ယုံကြည်ကိုးကွယ်မှု" ဆိုင်ရာအခန်းကဏ္ဍကို လျစ်လျူရှုထားခဲ့ ကြပါသည်။[၄၉] ထိုသို့လျစ်လျူရှုခဲ့ကြခြင်းမှာလည်း အနောက်တိုင်းလစ်ဘရယ် ဒီမိုကရေစီနိုင်ငံအများ စု၏ ထူးခြားချက်ဖြစ်သော ဘုရားကျောင်းနှင့် အစိုးရအဖွဲ့အကြားတရားဝင် ပိုင်းကန့်ခြားနားထား နိုင်ခြင်းက တစ်စိတ်တစ်ပိုင်းအားဖြင့် ပါဝင်နေနိုင်ပါသည်။ ထို့ပြင် ဘာသာတရားအစွဲမထားဘဲ အခြေခံအကျဆုံးနှင့် အရိုးရှင်းဆုံးဖြစ်စဉ်များအထိ လျှော့ချစဉ်းစားမှု (secular reductionism) အပေါ် တိမ်းညွတ်မှုကြောင့်ဖြစ်သည်ဟုလည်း ဖွင့်ဆိုကြပါသည်။ ရုပ်ဝတ္ထုပစ္စည်းအပေါ် အခြေခံသည့် အချက်များ၊ အဆင့်အတန်း၊ လိင်ကွဲပြားမှု သို့မဟုတ် တိုင်းရင်းသားလူမျိုးဖြစ်မှုစသည့် တင်ကြိုဆုံး ဖြတ်ထားပြီး သွင်ပြင်လက္ခဏာများမှတဆင့် လူသားတို့၏ သဘောသဘာဝကို နားလည်သဘော ပေါက်အောင် ကြိုးစားခြင်းမှာ secular reductionism ပင်ဖြစ်ပါသည်။ သို့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ အဆိုပါယူဆချက် စတင်ပြောင်းလဲလာခဲ့ရာ ဘာသာရေးအဖွဲ့အစည်းခေါင်း ဆောင်များနှင့်



ဘာသာရေးအဖွဲ့အစည်းများသည် လူမှုရေးအသွင်ပြောင်းလဲမှုအတွင်း ဘောင်ဝင် သူများဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလက်ခံလာခဲ့ကြပါသည်။ ထို့နောက် အနောက် တိုင်းမှ အလှူရှင်အဖွဲ့အစည်းများကလည်း ကိုးကွယ်ယုံကြည်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အကြား မည် ကဲ့သို့ အပြန်အလှန် ပတ်သက်ဆက်နွယ်မှုရှိနေကြောင်း၊ ဆင်းရဲနွမ်းပါးသူများကို ကုသိုလ်ဖြစ်ပံ့ပိုး ကူညီထောက်ပံ့ပေးနေရုံသာမက အဆိုပါ ဆင်းရဲ နွမ်းပါးသူများသည် လူမှုလှုပ်ရှားမှုများတွင် အဓိက ဦးဆောင်နေသူများ ဖြစ်ကြကြောင်း စသဖြင့် ကြည့်မြင်လာခဲ့ကြပါသည်။[၅၀]

လွန်ခဲ့သော ၂၀၀၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရွှေဝါရောင်တော်လှန်ရေးမှာ ဘာသာရေးနှင့် နိုင်ငံရေး ဆက်နွယ်နေမှုအား အထင်အရှား ရုပ်လုံးပေါ်စေခဲ့သည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါသည်။[၅၁] ရွှေဝါရောင်တော်လှန်ရေးကြီးအတွင်း သံဃာတော်များနှင့် မယ်သီလရှင်များ ထောင်နှင့်ချီ၍ လမ်း ပေါ်သို့ထွက်လာခဲ့ကြပြီး အကြမ်းမဖက်အာဏာဖီဆန်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့ကြသည်။ ထိုအခါ စစ်တပ်ကလည်း အလွန်အကျူး စီမံဆောင်ရွက်မှုများဖြင့် တုံ့ပြန်ခဲ့ပြီးဘုန်းကြီးကျောင်းများကို ဝင် ရောက်စီးနင်းခြင်း၊ သံဃာတော်များကို အတင်းအကျပ်လူဝတ်လဲစေခြင်း၊ ထိုးကြိတ်ရိုက် နှက်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ကြောင့် ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးမှာလည်း မြန်မာ့သမိုင်းတလျှောက် အကြီးကျယ်ဆုံး နိုင်ငံရေးအရွေ့များထဲတွင် တစ်ခု အပါအဝင် ဖြစ်ခဲ့ရပါသည်။[၅၂] ယခုအချိန်တွင်လည်း ဘာသာရေးအဖွဲ့အစည်းများ၊ အမျိုးမျိုးသော ကိုးကွယ်ယုံကြည်မှုများကို အခြေခံသည့်အဖွဲ့အစည်း များသည် ပဋိပက္ခဖြစ်ပွားနေဆဲနေရာဒေသများရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီ ထောက်ပံ့မှုလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင် ရွက်ပေးနေကြပါသည်။ သို့ဖြစ်၍ အလှူရှင်အဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ မျက်လုံးထဲတွင် ဘာသာရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာတရားဝင် အသိအမှတ်ပြုခြင်းကိုခံခဲ့ရသည်။[၅၃] ဘာ သာရေးဆိုင်ရာ လွတ်လပ်မှုနှင့် လူနည်းစုများအတွက်အကာအကွယ်ပေးမှုအပါအဝင် လူမှုတရားမျှ တမှုဆိုင်ရာ အကြောင်းအချက်များရှိနေသေးကြောင်း ဘာသာပေါင်းစုံမှဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များက ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ လွန်ခဲ့သည့်နှစ်အ နည်းငယ်အတွင်းမှစ၍ အစွန်းရောက်အမျိုးသားရေးဝါဒီ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ ခေါင်းထောင် လာခြင်းမှာလည်း မှတ်သားထိုက်ပါသည်။ ထို့နောက်တွင်မူ အဆိုပါအဖွဲ့အစည်းများကခွဲခြားဆက် ဆံမှု အလေ့အထများကို အားပေးအားမြှောက်ပြုလာကြပြီး အကြမ်းဖက်မှုများဖြစ်ပေါ်ရန် လှုံ့ဆော်ခဲ့ သည့် ဆိုးရွားသော အဖြစ်အပျက် တချို့ပင် ရှိလာခဲ့ပါသည်။[၅၄, ၅၅]

ထို့နောက် အလှူရှင်အဖွဲ့အစည်းများဘက်မှလည်း ၎င်းတို့နှင့် တက်တက်ကြွကြွလက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများကို စတင်ရှာဖွေလာခဲ့ကြပါသည်။ ထိုသို့ ရှာဖွေရာတွင် အလွတ်သဘောရပ်တည်ချက်မျိုးရှိပြီး ကိုယ်ပိုင်မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ရှိ သည့် အဖွဲ့အစည်း(community-led organizations)များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူမှုရေး လှုပ်ရှားမှုများ၊ အလှူရှင်အဖွဲ့အစည်းများဖက်မှ မျှော်လင့်ထားသည့် အခန်းကဏ္ဍများအတိုင်း ဖြည့် စွမ်း

ပေးနိုင်စွမ်းရှိသည့်အဖွဲ့အစည်းများ ဖြစ်ရပါမည်။[၅၆] ထို့ကြောင့် အနှစ်သာရပိုင်းမှ ကြည့်ပါက စေတနာ့ဝန်ထမ်းအဖွဲ့များကို ကျွမ်းကျင်ပိုင်နိုင်သူများ ပီသအောင် အစပျိုးပေးနိုင်သော်လည်း ပြောင်း လွယ်ပြင်လွယ်ရှိသည့် လုပ်ပိုင်ခွင့်များ၊ ပြောင်းလဲနိုင်သည့် အဖွဲ့အစည်းပိုင်းဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံများနှင့် ပတ်သက်ဆက်နွယ်မှု ရှိနေဆဲပင် ဖြစ်ပါသည်။

သမားရိုးကျ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် "ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်သည့်" အခြား အဖွဲ့အစည်းများအကြား သိသိသာသာ ကွဲပြားခြားနားမှု ရှိကြောင်း အရပ်ဘက်အဖွဲ့အစည်း တက်ကြွ လှုပ်ရှားသူတစ်ဦးက ဆိုပါသည်။ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်သည့် အဖွဲ့အစည်းများကိုလည်း ရေပေါ်ဆီလူ့မလိုင်များနှင့် "လောဘ"၏ စေ့ဆော်မှုကိုခံရသူများအဖြစ်ယူဆခဲ့ကြပြီး လူ့အဖွဲ့အစည်း ၏ကိုယ်စားလှယ်များမဟုတ်ဟု ရှုမြင်ခဲ့ကြပါသည်။ ထို့ပြင် ၎င်းတို့နှင့်အကျိုးခံစားခွင့်ရှိသူများအ တွက် တာဝန်ယူပေးခြင်းမျိုးထက် အလှူရှင်အဖွဲ့အစည်းများအပေါ် တာဝန်ယူပေးမှုကို ဦးစားပေး ထမ်းရွက်သူများ ဖြစ်ကြသည်ဟုလည်း ယူဆခဲ့ကြပါသည်။ စစ်မှန်သည့် တက်ကြွလှုပ်ရှားမှုမှာ ရပ်ရေးရွာရေး၊ မြို့အရေးနှင့်နယ်အရေးအတွက် ဝိုင်းဝန်းကြသည့်သဘောမျိုးသာဖြစ်ပြီး လုပ်ငန်းသဘောဆန်လာပါက မိမိလုပ်ငန်းအဖြစ်ခံယူမှုများ ပျောက်ကွယ်လာနိုင်ကာ အန္တရာယ်ရှိသည်ဟု လက်ခံယူဆခဲ့ကြပါသည်။ ထိုအယူအဆကို အချို့က သဘောမတူခဲ့ကြဘဲ အရပ်ဘက်အဖွဲ့အစည်း လှုပ်ရှားမှုများ ရေရှည်တည်တံ့ခိုင်မြဲစေရန် အချိန်နှင့်လူအင်အား၊ ငွေအင်အားများက အရေးကြီးသည် ဟုဦးစားပေးပြောဆိုခဲ့ကြပါသည်။ ထို့ပြင် စေတနာ့ဝန်ထမ်းလှုပ်ရှားမှုများတွင် တိကျသည့်တာဝန်ယူ မှုမရှိရခြင်းမှာလည်း ဖွဲ့စည်းပုံမရှိခြင်း သို့မဟုတ် ပြောင်းလဲနိုင်သည့်ရည်မှန်းချက်များ မရှိခြင်း ကြောင့်ဟု ဆိုခဲ့ကြပါသည်။[၅၆]

"ကျွမ်းကျင်ပိုင်နိုင်စွာ အလုပ်သဘောအရ လုပ်ဆောင်နိုင်မှု" ကြောင့် စေတနာ့ဝန်ထမ်း သဘောတရားအပေါ် ထိခိုက်နစ်နာစေနိုင်ခြင်း ရှိ၊ မရှိကိုစောကြောခဲ့သည့်အခါ မေးမြန်းခံရသူများ ဘက်မှ ကွဲပြား ခြားနားသည့်ရှုမြင်သုံးသပ်ချက်များကို ကိုင်စွဲထားကြကြောင်း တွေ့ရှိခဲ့ရပါသည်။ မေးမြန်းခံရသူ တစ်ဦးကမူ နောင်လာမည့် မျိုးဆက်သစ်များအတွက် ကွဲပြားခြားနားမှုရှိကြောင်း၊ လူငယ် မျိုးဆက်သစ်များမှာ ဖွဲ့စည်းတည်ဆောက်ပုံ ခြေခြေမြစ်မြစ်ရှိသည့် အဖွဲ့အစည်းများထံသို့ ပူးပေါင်းပါဝင်ရန် မျှော်မှန်းထားကြကြောင်း၊ ထို့ပြင် စေတနာ့ဝန်ထမ်း ပရဟိတလုပ်ဆောင်ချက် များကိုလည်း အတွေ့အကြုံ ရရာရကြောင်းအဖြစ်ယူဆခဲ့ကြကြောင်း ပြောကြားခဲ့ပါသည်။ တဖန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ၏ကျွမ်းကျင်ပိုင်နိုင်မှုက အလားအလာကောင်းသည့် အသက် မွေးဝမ်းကျောင်းမှုကို တွေ့မြင်ရစေရန် အားပေးမှုပြုပေးနိုင်ပါသည်။ အပြန်အလှန်အားဖြင့် လစာရ ရှိနေသည့် ဝန်ထမ်းများကလည်း စေတနာ့ဝန်ထမ်း အလုပ်ကိုပြန်မလုပ်လိုကြတော့ပါ။ ထို့နောက် ဤပုံစံက အကျိုးခံစားခွင့်ရှိသူများအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိပုံ၊ သင်တန်းများ သို့မဟုတ် အစည်းအဝေး အခမ်းအနားများသို့ တက်ရောက်လာကြသူများ နေ့တွက်စရိတ်များ ထုတ်ပေးရပုံ၊ မည်ကဲ့သို့သော သင်တန်းမျိုးဆိုမှ သင်တန်းတက်ချင်ကြပုံ စသည်တို့ကိုလည်းတွေ့ဆုံမေးမြန်းခဲ့သူ တစ်ဦးက ပြောပြခဲ့ပါသည်။[၅၈]

## ကိုယ်ပိုင်လုပ်ပိုင်ခွင့်(autonomy)

အရပ်ဘက် အဖွဲ့အစည်းအများစုသည် အလှူရှင် အဖွဲ့အစည်းများထံမှ ရံပုံငွေ ပံ့ပိုးကူညီမှု နှင့် ရပ်ဝတ္ထုပစ္စည်းများအပေါ် သိသာထင်ရှားသည့် အဆင့်တစ်ဆင့်အထိ မှီခိုအားထားနေကြရပါသည်။ ၅၉ အဖွဲ့အစည်းအနည်းငယ်ကသာလျှင် ပင်မရံပုံငွေထားရှိပြီး များသောအားဖြင့်စီမံကိန်းအလိုက်ပေး အပ်သော အထောက်အပံ့များတွင်သာ လုံးစုံမှီခိုနေရသည်ကိုလည်း တွေ့ရှိရသည်။ ထို့ကြောင့် ပင်မ ရံပုံငွေအင်အားတောင့်တင်းကြသော အဖွဲ့အစည်းများသည် အလှူရှင်အဖွဲ့အစည်းတစ်ခုတည်းအ ပေါ်တွင်သာမှီခိုအားပြုလေ့ရှိပါသည်။ ထိုအချက်ကို နှိုင်းယှဉ်ကြည့်သည့်အခါ အဖွဲ့အစည်းများ၏ ရေရှည်ရပ်တည်နိုင်စွမ်းအပေါ် သိသာထင်ရှားသည့် အဓိပ္ပါယ် သက်ရောက်မှုများ ရှိလာသည်။ ထို့ပြင် အဖွဲ့အစည်းများ၏ ကိုယ့်ခြေကိုယ့်လက်လုပ်ပိုင်ခွင့်နှင့် ၎င်းတို့ကအကောင်အထည်ဖော်ဆောင် ရွက်မည့် လုပ်ငန်းများအပေါ် ရေရှည်သက်ရောက်မှု ရှိလာနိုင်ပါသည်။ ရန်ပုံငွေ အကန့်အသတ်ရှိခြင်း၊ မထိရောက်ခြင်း သို့မဟုတ် ဆီလျော်မှုမရှိခြင်း စသည်တို့ကြောင့် အရပ်ဘက် အဖွဲ့အစည်းများက ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို အပြည့်အဝအကောင်အထည် မဖော်နိုင်သည့်အခါ၊ ဒေသခံ လူ့အဖွဲ့အစည်း သို့မဟုတ် နယ်ခံများ၏အမြင်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ယုံကြည်ကိုးစား မှုအပေါ် သက်ရောက်မှု ရှိလာနိုင်ပါသည်။

အရပ်ဘက် အဖွဲ့အစည်းများက အလှူရှင်အဖွဲ့အစည်းများအပေါ် ရပ်ဝတ္ထုပိုင်းအရမှီခိုအား ထားနေရခြင်းသည် စွန့်စားမှုတခုဖြစ်နေပါသည်။ တနည်းအားဖြင့် ၎င်းတို့အဖွဲ့အစည်းကချမှတ် ထားသော ကိုယ်ပိုင်ရည်မှန်းချက်ပန်းတိုင်များနှင့် တစ်သားတည်းမဖြစ်သည့် လှုပ်ရှားမှုများ၊ အ ကြောင်းကိစ္စရပ်များကို လုပ်ဆောင်ရန် တွန်းအားပေးလာနိုင်သောကြောင့် ဖြစ်ပါသည်။[၆၀] ထို့အပြင် ၎င်းတို့ အဖွဲ့အစည်း၏ မဟာဗျူဟာကျသော ဖွံ့ဖြိုးတိုးတက်မှု အပေါ်တွင်လည်း အနုတ်လက္ခဏာ ဆောင်သည့် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုအခါ အဖွဲ့၏ ဦးစားပေးလုပ်ငန်းများ၊ စံတန်ဖိုးများနှင့် ရည်မှန်းချက်အစီအစဉ်တို့မှာ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်တော့ပါ။ တဖန် အဖွဲ့ အစည်းတစ်ရပ်၏ စွမ်းဆောင်ရည်ထက်ကျော်လွန်၍ အဆိုပါစီမံကိန်းများကို အကောင်အထည် ဖော်ရန် ဖိအားပေးသည့်သဘောမျိုး သက်ရောက်သွားနိုင်ပြီး လက်တွေ့အခြေအနေတွင်ကြောင်းကျိုး ဆီလျော်သည့်ပြောင်းလဲမှုဖြစ်ရန် မလွယ်ကူတော့ဟုလည်း အဓိပ္ပါယ်ထွက်နေပါသည်။[၆၁] အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းအစီအစဉ်များကို ရှင်းရှင်းလင်းလင်းချမှတ်ရမည်။ သို့မှသာ ၎င်းတို့သွားချင်သော လမ်းကြောင်းအတိုင်း တစ်စိုက်မတ်မတ် ဦးတည်သွားနိုင်လိမ့်မည်ဖြစ်ပြီး စီမံကိန်းများဆောင်ရွက်ရာတွင်လည်း လမ်းကြောင်းအမျိုးအမျိုးကို လိုက်လုပ်နေခြင်းမျိုး မဖြစ်ဘဲ အားရုံစူးစိုက်၍ လုပ်ကိုင်နိုင်ပေလိမ့်မည်။

ကိုယ်ပိုင်လုပ်ပိုင်ခွင့်များ ဆုံးရှုံးမှုကြောင့် အရပ်ဘက်အဖွဲ့ အစည်းများသည် ၎င်းတို့ကိုယ်စား ပြုရသောဒေသများတွင်သာမက အာဏာပိုင်များနှင့် ဆက်ဆံရာတွင်ပါနာမည်ဂုဏ်သတင်း ထိခိုက် ပျက်စီးမှုများ ဖြစ်စေနိုင်ပါသည်။ ထိုအခါ နိုင်ငံရေးအနေအထားနှင့် အစိုးရအား စိန်ခေါ်နေသော အရပ်ဘက်အဖွဲ့အစည်းများ၏ တရားဝင်ဖြစ်မှုကို မေးခွန်းထုတ်လာနိုင်သည့် အခြေအနေ ဖြစ်လာ နိုင်သည်။ မယုံကြည်မှုနှင့် စိုးရိမ်ထိတ်လန့်မှုများ မြင့်တက်လာနေသည့် အနေအထားအရ၊ လက်တွေ့ လုပ်ကိုင်နေသည့် လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့ အစည်းတစ်ရပ်အပေါ် နိုင်ငံခြားလွှမ်းမိုးမှု ရှိသည်၊ နိုင်ငံရေးလှုပ်ရှားမှုနှင့် အသွေးအရောင်ရှိသည် စသဖြင့်အသရေဖျက်အပုပ်ချရန်လည်း လွန်စွာလွယ်ကူသွားစေပါသည်။[၆၂]

၂၀၁၅ ခုနှစ်တွင် "အမုန်းစကား"ပပျောက်ရေးနှင့် "ဘာသာပေါင်းစုံ အပြန်အလှန် ချစ်ကြည် ရင်းနှီးရေး ဆွေးနွေးပွဲ" များအတွက် ဦးတည်လှုပ်ရှားသည့် အဖွဲ့အစည်း အရေအတွက် တဟုန်ထိုး များပြားလာသည်မှာလဲ အလှူရှင် အဖွဲ့အစည်းများ၏ ရန်ပုံငွေထောက်ပံ့မှုနှင့် ဆက်နွယ်နေဟန် ရှိသည်။ [၆၃] အမုန်းစကားနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးရေး ကိစ္စရပ်များမှာ အရေးကြီးပြီး ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့်ကိစ္စများ ဖြစ်သည်။ သို့သော် အဆိုပါလှုပ်ရှားမှု လှိုင်းတံပိုးသည် အလှူရှင်အဖွဲ့အစည်းများ၏ အကြိုက်လိုက်၍လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်ဟု တွေ့ဆုံမေး မြန်းခဲ့သူတစ်ဦးက ဆိုပါသည်။ ထိုအတွက် ရရှိနိုင်သည့် ရံပုံငွေထောက်ပံ့ကြေးမှာလည်း ထိုကိစ္စကို အာရုံ စူးစိုက်လုပ်ကိုင်သင့်သည့် ပမာဏမျိုးဖြစ်နေသည်။ ထို့ကြောင့် အချို့သော အဖွဲ့အစည်းများက ၎င်းတို့နှင့်ဆိုင်သော နယ်ပယ်ကဏ္ဍမျိုးပင်မဟုတ်သည့်တိုင် ဝင်ရောက်လုပ်ကိုင်လှုပ်ရှားခဲ့ကြပါ သည်။[၆၄] သို့ရာတွင် အချို့သော တွေ့ဆုံမေးမြန်းခဲ့ကြသူများက (အလှူရှင်အဖွဲ့အစည်းများထံမှ ထောက်ခံခွင့်ပြုချက်မည်မျှပင်ရရ) အမုန်းစကား တစ်ခုတည်းကိုသာဦးတည်၍ စိန်ခေါ်လှုပ်ရှားခဲ့ ကြပြီး၊ တရားဝင်မှုဆိုင်ရာအကြောင်းကိစ္စရပ်များက လှုပ်ရှားမှုများအပေါ်ထိခိုက်စေခဲ့ကြောင်း ဆိုပါသည်။ အကယ်၍ လှုပ်ရှားမှုတစ်ခုသို့မဟုတ် ကနဦးအစပြုလှုပ်ရှားမှုအတွက် နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေယူသည်ဟုရှုမြင်ခြင်းခံရပါက အဆိုပါ လှုပ်ရှားလုပ် ဆောင်မှု တစ်ခုလုံး တရားမဝင်သဘောမျိုး အလျင်အမြန် ဖြစ်သွားနိုင်ပါသည်။

## အလှူရှင် အဖွဲ့အစည်းများနှင့် ရံပုံငွေ ထောက်ပံ့ကူညီမှုဆိုင်ရာ ဖွဲ့စည်းပုံများ

မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းအများစုသည် ရံပုံငွေများကို အကန့်အသတ်ခွဲတမ်း အတိုင်းသာ လက်ခံရယူနိုင်ပါသည်။ ထို့ကြောင့် ယေဘုယျအားဖြင့် အလှူရှင် အဖွဲ့အစည်းပေါင်းစုံက ယုံကြည်အပ်နှံသည့် ရံပုံငွေ (multi-donor trust funds) အပါအဝင် အလှူရှင်အဖွဲ့အစည်းကြီးများ၏ ရန်ပုံငွေများကို ၎င်းတို့၏နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ ထံသို့ ဦးစွာထောက်ပံ့ကူညီ ပေးရ ပါသည်။ ထို့နောက် အဆိုပါ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှတဆင့် ကူညီထောက်ပံ့မှု ပေးအပ်ရမည့် နိုင်ငံအတွင်းရှိ မိတ်ဖက် အရပ်ဘက်အဖွဲ့အစည်းများထံသို့ တဆင့်ခံထောက်ပံ ကြေး (third- party grants)အဖြစ် ခွဲဝေဖြန့်ဖြူးပေးရပါသည်။ ဤနည်းအားဖြင့် အလှူရှင်အဖွဲ့အစည်းများ၏ ရံပုံငွေလက်တံမှာ ရှည်သထက် ရှည်လာခဲ့ရပါသည်။ သို့ဖြစ်၍ နိုင်ငံအတွင်းရှိအရပ်ဘက်အဖွဲ့အ စည်းများသည် ကူညီထောက်ပံ့မည့် ရံပုံငွေများကိုကိုင်တွယ်သုံးစွဲခွင့်ရရှိစေရန် မိတ်ဖက်INGOs အဖွဲ့ အစည်းများ ရှိကြပါသည်။[၆၅]

အလှူရှင်အဖွဲ့အစည်းများက နိုင်ငံတစ်နိုင်ငံအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများကို ထောက်ပံ့ကူညီရန် စိတ်အားထက်သန်လင့်ကစား ဗျူရိုကရေစီစနစ်နှင့် ဝန်ထမ်းပိုင်းဆိုင်ရာ အကန့် အသတ်များကြောင့် အလွန်နည်းပါးလှသည့်ငွေပမာဏကိုပင် ခွဲဝေဖြန့်ဖြူးပေးရန် အခက်အခဲ ရှိနေ သည်ဟု အချို့ကဆိုကြပါသည်။ သို့ရာတွင် အလှူရှင်အဖွဲ့အစည်းများဘက်ကလည်း တာဝန်ခံမှုနှင့် ပတ်သက်သော သူတို့၏တာဝန်ဝတ္တရားများရှိကြောင်း ထောက်ပြခဲ့ကြသည်။ သာဓကအနေဖြင့် အနောက်တိုင်းမှ အခွန်ထမ်းပြည်သူများသည် အလှူရှင်အဖွဲ့အစည်းများ၏ ဝန်ထမ်းခန့်အပ်မှု၊ အစီ ရင်ခံတင်ပြခြင်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆန်းစစ်မေးခွန်းထုတ်ကြကြောင်း ထောက်ပြခဲ့ ကြပါသည်။[၆၆]

ရံပုံငွေ ကိစ္စမှာ နိုင်ငံအနှံ့ ဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းအများအပြားအတွက် သိသာထင်ရှားသော သက်ရောက်မှုများစွာ ရှိနေပါသည်။ သို့ရာတွင် မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့ အစည်းများမှာ ဖွံ့ဖြိုးတိုးတက်စေရန် အားယူခါစအနေအထားမျိုးတွင်သာရှိနေသေးသည်။ ထို့ကြောင့် အထက်ပါအတိုင်း အစီရင်ခံတင်ပြရသည့် လိုအပ်ချက်များမှာ လက်တွေ့မကျကြောင်း အငြင်းပွား မှုများလည်း ရှိနေပါသည်။ ထို့ပြင် နိုင်ငံတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများသည် ရံပုံငွေမရရှိဘဲ ချောင်ထိုးခံထားရမည့်အရေး (သို့မဟုတ်) အလုပ်သဘောဆန်သော အလှူရှင်အဖွဲ့အစည်းများဘက် မှ ယေဘုယျစံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်၎င်းတို့၏ လုပ်ကိုင်ပုံနည်းလမ်းများကို အမြစ်မ ကျန်ပြောင်းလဲပစ်ရေးစသည့် ရွေးချယ်စရာနှစ်ခုအကြား ဗျာများနေကြရပါသည်။[၆၇] ထို့နောက် အရပ်ဘက်အဖွဲ့အစည်းများသည် ရံပုံငွေထောက်ပံ့ကြေး ရရှိစေရန်အတွက် အလှူရှင်များဘက်မှ သတ်မှတ်ထားသော ဦးစားပေးအကြောင်းကိစ္စရပ်များနှင့် တစ်သားတည်းဖြစ်စေရန် ၎င်းတို့၏ ကိုယ်ပိုင်စံနှုန်းတန်ဖိုးများ၊ ဦးစားပေးချက်များကို ပြောင်းလဲကြရပါတော့သည်။ ထိုအခါ အချို့သော အဖွဲ့အစည်းများမှာ ၎င်းတို့အဖွဲ့အစည်း၏ စွမ်းဆောင်နိုင်စွမ်းထက် ပိုလွန်နေကြောင်း ၊ မနိုင်ဝန် ထမ်းနေရသည်ကို သိလျက်နှင့်ပင် စီမံချက်အတိုင်း ဇွတ်တိုးခဲ့ကြသဖြင့် လှုပ်လေမြုပ်လေဖြစ်ကာ ချောင်ပိတ် သွားခဲ့ကြရပါသည်။

တာဝန်ခံမှုအတွက် တောင်းဆိုမှုများကြောင့် အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ၏ စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ချဉ်းကပ်မှုများမှာ ဆန့်ကျင်ကန့်ကွက်ခံရပြီး ခေတ်နောက်ပြန်ဆွဲမည့် အန္တရာယ်နှင့်ရင်ဆိုင်လာခဲ့ရသည်။ ထို့ကြောင့် အလှူရှင်များ ဘက် ကလည်း တရားဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော မိတ်ဖက်အရပ်ဘက်အဖွဲ့အစည်း များနှင့်သာ

အလုပ်လုပ်လိုကြတော့သည်ဟု နိုင်ငံအနှံ့လှုပ်ရှားနေသည့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးကဆိုပါသည်။ ယခုကဲ့သို့ တရားဝင်မှတ်ပုံတင်ထားသည့် အရပ်ဘက်အဖွဲ့အ စည်းဆိုသည်မှာလည်း NLD ပါတီ အာဏာရလာပြီးနောက်ပိုင်းတွင်မှ သိသိသာသာ ပြောင်းလဲလာသည့် အပြောင်းအလဲတစ်ခုပင်ဖြစ်ပါသည်။ ထို့အပြင် တရားဝင်မှတ်ပုံတင်ရန်ဆန္ဒမရှိသော အရပ် ဘက်အဖွဲ့အစည်းများစွာကို ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ အန္တရာယ်ရှိသည်ဟု ယူဆခံရပြီးဖယ်ရှားခံရခြင်းသို့မဟုတ် ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုမှာ အစိုးရအပေါ် အတိုက်အ ခံပြုရာ ရောက်သည်ဟု ယူဆခံရခြင်းတို့ကြောင့် မှတ်ပုံမတင်နိုင်ခြင်းများလည်း ရှိလာခဲ့ပါသည်။[၆၈]

## မိတ်ဖက်ပြုခြင်းနှင့် မိမိဒေသနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်း

ရံပုံငွေ ခွဲဝေဖြန့်ဖြူးပုံမှာလည်း အလှူရှင်နှင့် ထောက်ပံ့အလှူငွေရရှိသူတို့အကြား အာဏာ ချိန်ခွင်လျှာ အလေးသာမှုအပေါ် သိသိသာသာအကျိုးသက်ရောက်မှုရှိသည်။ ရံပုံငွေထောက်ပံ့ ကူညီမှု၏ လားရာလမ်းကြောင်းများမှာ နိုင်ငံတကာမှအခရာကျသည့်အဖွဲ့အစည်းများကိုသာအဓိက ထား၍လည်ပတ်နေသဖြင့် နိုင်ငံတွင်းရှိမိတ်ဖက်အဖွဲ့အစည်းများအတွက် ချဉ်းကပ်ပုံသုံးမျိုးကို ချ မှတ်ကျင့်သုံးခဲ့ရပါသည်။ ထိုချဉ်းကပ်ပုံသုံးမျိုးမှာ နိုင်ငံတကာအဖွဲ့အစည်းများက ချမှတ်ပေးထား သောရည်မှန်းချက်များအတိုင်း ပြည်တွင်းမှ မိတ်ဖက်အဖွဲ့အစည်းများကလိုက်ပါလုပ်ဆောင်ရသည့် လက်ခွဲ ကန်ထရိုက်ပုံစံ(subcontracting)၊ နိုင်ငံတွင်းရှိအဖွဲ့အစည်းများက (စီမံချက်ရေး ဆွဲမှု၏ မျှော်မှန်းချက်နှင့်မဟာဗျူဟာကို) ဦးဆောင်ရပြီး ၎င်းတို့၏ နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်း များက ပံ့ပိုးကူညီပေးသောအခန်းကဏ္ဍမှပါဝင်ရသည့် ပြည်တွင်းမှဦးဆောင်သည့်တုံ့ပြန်မှုပုံစံ(locally led responses)၊ ပြည်တွင်းရှိ အဖွဲ့အစည်းများ၏ပါဝင်ပတ်သက်မှု သို့မဟုတ် လူအား၊ ငွေအား စိုက်ထုတ်မှုအနည်းဆုံးဖြင့် အကျိုးကျေးဇူးခံစားရမည့်သူများထံသို့ နိုင်ငံတကာမှမိတ်ဘက်အဖွဲ့ အစည်းများက တိုက်ရိုက်ထောက်ပံ့ကူညီပေးသော တိုက်ရိုက်ချဉ်းကပ်မှုပုံစံ (direct approach) တို့ပင် ဖြစ်ကြပါသည်။ ဤပုံစံအနေအထားအရ မိမိဒေသနှင့်ကိုက်ညီမှုဖြစ်အောင် ပြုလုပ်ခြင်းအားပေါင်းစုလုပ်ငန်းစဉ် (collective process) ဟုနားလည်ထားကြသည်။ ဆင်းရဲမွဲတေမှုဒဏ် ခံစားနေရ သည့် (သို့) အကျပ်အတည်းကြားထဲတွင် မြေစာပင်ဖြစ်နေရသည့် လူ့အဖွဲ့အစည်းများအတွက် ကြား ဝင်ဆောင်ရွက်မှုများပြုလုပ်ရာတွင် ပြည်တွင်းရှိအဖွဲ့အစည်းများက ပိုမိုအဓိကကျသည့်နေရာကို ရယူ ထားနိုင်ရပါမည်။ ထိုကဲ့သို့ ရယူထားနိုင်ရန်အတွက် လူအင်အား၊ ငွေအင်အား အရင်းအမြစ်များအပေါ် လုပ်ပိုင်ခွင့်နှင့် ထိန်းချုပ်မှုတို့ကို အခြေခံကျကျ ပြောင်းလဲမှု ပြုလုပ်ရန်လည်း လိုအပ်ပါလိမ့်မည်။

မိတ်ဖက်ပြုခြင်း၌ နူးညံ့သိမ်မွေ့ပြီး ထိရှလွယ်မှုနှင့် ထူးထွေများပြားလှသည့် အကြောင်းကိစ္စ ရပ်များရှိကြောင်း သမိုင်းကြောင်းကပြညွှန်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် အထက်ပါ ချဉ်းကပ်မှုပုံစံများပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။ တနည်းဆိုရလျှင် အလှူရှင်နှင့်ထောက်ပံ့အလှူငွေရရှိသူတို့တွင် ရှိသော အာဏာချိန်ခွင်လျှာနှင့်ငွေကြေးတို့အကြား ဆက်စပ်ပတ်သက်မှုရှိနေသည်ဟု ဆိုရမည်ဖြစ် သည်။ [၆၉] လားရာတူညီသော ရံပုံငွေထောက်ပံ့ကူညီမှုရရှိရန် ပြိုင်ဆိုင်မှုများကြောင့် ပြည်တွင်းရှိ အဖွဲ့ အစည်းများအကြား၊ ပြည်တွင်းရှိအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှအဖွဲ့အစည်းများအကြား တင်း မာမှုများမြင့်တက်လာနိုင်ပါသည်။ ပြုမူဆက်ဆံပုံများ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ သို့မဟုတ် သတင်းအချက်အလက်ရပိုင်ခွင့်များ စသည်တို့မှာကွဲပြားခြားနားနိုင်သဖြင့် အလုပ်မဖြစ်သော မိတ် ဖက်ပြုခြင်းများလည်း ရှိတတ်ပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများကမူ မိတ်ဖက်ပြုသည့် မူဝါဒများ တိုးတက်လာစေရန် အဓိကထားပြီးကာလရှည်ကြာ လက်တွဲလုပ်ဆောင်မှုပုံစံဖြစ်လာစေရန် ဦးစား ပေးလေ့ရှိပါသည်။ ထို့ကြောင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ပိုမိုအား ကောင်းလာ စေရန်နှင့် ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများအပေါ် ပံ့ပိုးကူညီပေးရန် အဆင်ပြေချောမွေ့စွာဖြင့်ဖလှယ်မှုပြု၍ သင်ယူလေ့လာခြင်းမှာလည်း အဓိက သော့ချက်တစ်ခုပင်ဖြစ်ပါသည်။ သို့မှသာလျှင် သက်ဆိုင်ရာ အကြောင်းကိစ္စရပ်တချို့ကို အဓိကဦးစားပေး၍ မိမိဒေသနှင့်ကိုက်ညီသည့် အစီအ စဉ်များနှင့်ထပ်တူကျမည့် နည်းလမ်းကိုချမှတ်ကျင့်သုံးနိုင်မည်ဖြစ်ပါသည်။[၇၀] အလှူရှင်များနှင့် နိုင်ငံ တကာအဖွဲ့အစည်းများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးသောအခါ စွန့်စားမှုပိုယူရမည့်သဘောရှိသည်။ အခွန်းထမ်းပြည်သူများအား တာဝန်ခံရေးနှင့် အပြောင်းအလဲ တစ်ခုကိုဆောင်ကျဉ်းပေးနိုင်ရေးအကြားတွင် မျှခြေကိုထိန်းထားရန်အရေးကြီးသည်။ တစ်ချိန်တည်း တွင် အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံသားများအတွက် အခင်းအကျင်း များကို ချဲ့ထွင်နိုင်ရေး၊ အောက်ခြေမှအရပ်ဘက်အဖွဲ့အစည်းများအားပံ့ပိုးနိုင်ရေးကို ဦးတည်ထားသည့် စီမံကိန်းများအတွက် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး၊ အရပ်ဘက်အဖွဲ့အစည်းများ ကဏ္ဍကြီးထွားကျယ်ပြန့်လာရေး၊ ဆက်စပ်တည်ရှိနေသောအမှားများနှင့် အစပိုင်းတွင်ပေါ်ပေါက် တတ်သောပြဿနာရပ်များကို လိုက်လျောထည့်သွင်းစားပေးနိုင်မည့် နည်းလမ်းများကိုရှာရမည်။ ထို့အပြင်ပုံစံတကျမရှိသော အမြဲတမ်း ဆက်တိုက်ဖြစ်ပေါ်နေသော လှုပ်ရှားမှုများ၊ အရေးကြီးကိစ္စ ရပ်များနှင့်ပတ်သက်၍ လူထုစည်းရုံးလှုံ့ဆော်မှုများကို ပံ့ပိုးပေးနိုင်ရေးကို ပို၍အလေးထား စဉ်းစား သင့်သည်။

၂၀၁၁ ခုနှစ် ဘူဆန် ကြေညာချက်က ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခန်းကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍ ကို ပိုမိုအသိအမှတ်ပြုရန် တွန်းအားပေးခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် ဘူဆန်ကြေညာချက်ပါ ပုဂ္ဂလိကအခန်းကဏ္ဍကို ၂၀၁၃ ခုနှစ်၌ နေပြည်တော်တွင် လက်မှတ်ထိုးခဲ့သော "ထိရောက်မှု ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချုပ်"ထဲတွင် တစ်စိတ် တစ်ပိုင်းအားဖြင့် ထည့်သွင်း အသုံးပြုခဲ့သည်။ မြန်မာနိုင်ငံမှ ပုဂ္ဂလိက အခန်းကဏ္ဍအပေါ် ထိတွေ့ဆက်ဆံမှု ပြုလုပ်ရာတွင် (၁) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု (၂) အလှူရှင်အဖွဲ့အစည်း သို့မဟုတ်



INGOs များနှင့် မိတ်ဖက်ပြုခြင်း စသဖြင့် ဖြစ်နိုင်သည့်နည်းလမ်းနှစ်ခုကို ကြိုတင်မျှော်မှန်းထားနိုင်ပါသည်။ နံပါတ်တစ် အချက်မှာမူ အချိန်ကြာလာသည်နှင့်အမျှ နိုင်ငံခြားကူညီထောက်ပံ့မှုများ နည်းပါးလာမည်[၇၁] ဟု မျှော်လင့်ထားပြီး၊ နံပါတ်နှစ် အချက်အရ အလှူရှင်အဖွဲ့အစည်းများနှင့် INGOs များအနေဖြင့် အရပ်ဘက် အဖွဲ့အစည်း များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သည့် နည်းတူ ပုဂ္ဂလိက အခန်းကဏ္ဍတွင်လည်း နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အားပေးသည့် အချက်ပင် ဖြစ်ပါသည်။

ခရမ်မာ (Kramer) က ပုဂ္ဂလိက ကဏ္ဍကို "အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်း အမျိုးအစား" တွင် ထည့်သွင်းဆွေးနွေးထားပြီး မြန်မာနိုင်ငံတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ လူမှုရေးလှုပ်ရှားမှုများနှင့် ဆက်နွယ်၍ လုပ်ဆောင်မှုများလည်း ရှိနေကြသည်။ ထိုလုပ်ဆောင်မှုများသည် ဒေသခံ အဖွဲ့အစည်း များနှင့် ချိတ်ဆက်မှုများ ရှိလာစေသည်ဟုဆိုသည်။ [၇၂] Myanmar Business Coalition on AIDS (MBCA)၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း (MWEA) နှင့် Myanmar Egress တို့သည် အရပ်ဘက်အဖွဲ့အစည်းများကဲ့သို့ လုပ်ဆောင်နေသော ပုဂ္ဂလိကကဏ္ဍအတွက် သာဓကကောင်းများ ဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် ဂီရိမုန်တိုင်းတိုက်သောအခါ အရပ်ဘက် လူမှုအဖွဲ့အစည်းများကဲ့သို့ပင် တုံ့ပြန်ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများဖြစ်သည်။ ထို့အပြင် ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပံ့ပိုးကူညီမှုပေးရေးအပိုင်းတွင် မလေ့လာခဲ့သော်လည်း စွမ်းဆောင်ရည်နှင့်နည်းပ ညာပိုင်းတွင် ပို၍အားသာသော နိုင်ငံတကာနှင့်ပြည်တွင်း ပုဂ္ဂလိကအကြံပေးကုမ္ပဏီများလည်း ရှိသည်။ ပုဂ္ဂလိကအကြံပေးကုမ္ပဏီများ ပေါ်ပေါက်လာခြင်းသည် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ အခင်းအကျင်းကို အနာဂါတ်တွင် သက်ရောက်မှုတစ်စုံတစ်ရာရှိမည်လော၊ ရှိပါက မည့်သို့မည်ပုံ ဖြစ်မည်နည်း။

အလှူရှင် အဖွဲ့အစည်းများသည် ပြည်တွင်းရှိ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ တို့တွင် အဆိုပါလမ်းကြောင်းအတိုင်း လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် အသေးစားပြည် တွင်းကုမ္ပဏီများနှင့် အကြီးစားကုမ္ပဏီကြီးများ ချိတ်ဆက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါ ဝင်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နေပြည်တော်သဘောတူစာချုပ်ကြောင့် မြန်မာနိုင်ငံအတွက် အကူ အညီများ ပေးအပ်ထောက်ပံ့နေသည့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍတွင် ပိုမို အကူအညီပေးနိုင်လိမ့်မည်ဟုလည်း အချို့ကမျှော်လင့်ထားကြပါသည်။ အခြားတစ်ဖက်တွင် လည်း စီးပွားရေးလုပ်ငန်းပုံစံများကို ပြောင်းလဲရာတွင်ကူညီထောက်ပံ့မှုများကို အသုံးပြု၍မီးလောင် ရာလေပင့် ပြုလိမ့်မည်ဟု အခရာကျသည့် အရပ်ဘက်အဖွဲ့အစည်းများက သံသယဝင်ခဲ့ကြပါသည်။ ထို့ပြင် အများပြည်သူနှင့်သက်ဆိုင်သော ဝန်ဆောင်မှုများအတွက်မဟုတ်ဘဲ ကုမ္ပဏီကြီးများ၏ အကျိုးအမြတ် တိုးလာစေရန် သက်သက်မျှနှင့် ထောက်ပံ့ကြေးများမပေးကြရန်လည်း အလှူရှင်များ ကို သတိပေးခဲ့ကြပါသည်။ သို့ရာတွင် ပုဂ္ဂလိကကုမ္ပဏီများသည် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်လာခြင်းသည် လောလောဆယ်အထောက်အကူဖြစ်စေပြီး အဆိုပါပုဂ္ဂလိက ကုမ္ပဏီများသည် နိုင်ငံရေးပြဿနာများနှင့် ကင်းအောင်နေကြသည်။ နိုင်ငံရေးပြဿနာများကို

ပညာရပ်ဆိုင်ရာ/ပညာရှင်ရှုထောင့်မှ ကြည့်လာကြပြီး ထိုသို့ကြည့်လာကြခြင်းကြောင့် အသိုင်းအ ဝိုင်းများနှင့်ဆက်ဆံရေး၊ ယုံကြည်မှု၏ အရေးပါမှုကို သွယ်ဝိုက်၍ လျှော့ကျစေ နိုင်သည်။

## စီမံကိန်းအခြေပြု ရံပုံငွေ ထောက်ပံ့ကူညီမှု

ပင်မ ရံပုံငွေအင်အား (core funding)ဆိုသည်မှာ အထွေထွေ အုပ်ချုပ်ရေးကုန်ကျစရိတ်နှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာအသုံးစရိတ်များကို ကာမိစေရန်ထောက်ပံ့ပေးသည့် ငွေဖြစ်ကြောင်းကို နားလည်ရန် အရပ်ဘက်အဖွဲ့အစည်းများအတွက် များစွာအရေးကြီးလှပါသည်။ သို့မှသာလျှင် ပြောင်း လွယ် ပြင်လွယ်ရှိနိုင်မည်ဖြစ်ပြီး လျာထားသည့်စီမံကိန်းထက် ကျော်လွန်၍အဖွဲ့အစည်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို တိုးမြှင့်စေမည် ဖြစ်ပါသည်။ ပင်မရံပုံငွေ အင်အား တောင့်တင်းခြင်းသည် အဖွဲ့အစည်း တစ်ခုအပေါ် ကိုင်တွယ်ထိန်းချုပ်မှုနှင့် ကိုယ့်ခြေကိုယ့်လက်လုပ်ပိုင်ခွင့်ရရှိစေရန် ထောက် ပံ့ကူညီပေးရာ၌ စီမံကိန်းအခြေပြုရံပုံငွေပံ့ပိုးကူညီမှုထက် ပို၍ တန်ဖိုးရှိပါသည်။ ထို့အပြင် အဖွဲ့အ စည်းများအားပို၍ မဟာဗျူဟာကျစေပြီး ရည်ရွယ်ထားသည့်ကာလရှည်စီမံကိန်းရေးဆွဲထားမှုများ ကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေပါသည်။

သို့ရာတွင် အလှူရှင်အဖွဲ့အစည်းအများစုကမူ ၎င်းတို့အဖွဲ့အစည်း၏ "တာဝန်ယူမှု"ဆိုင်ရာ လိုအပ်ချက်များနှင့် ပိုမိုကိုက်ညီနိုင်မည့် စီမံကိန်းအခြေပြုရန်ပုံငွေထောက်ပံ့ကူညီမှုကိုသာ ပို၍အား ပြုနေကြဆဲ ဖြစ်ပါသည်။ ထို့ပြင် အလှူရှင်အဖွဲ့အစည်းများက တလုံးတခဲတည်း ရံပုံငွေပံ့ပိုးကူညီမှု ပြုလုပ်ရာတွင်လည်း တာဝန်ယူ တာဝန်ခံ လုပ်နိုင်မည့် INGOs များ သို့မဟုတ် ကျွမ်းကျင် ပိုင်နိုင်သော အလုပ်သဘောဆန်သော အဖွဲ့အစည်းများနှင့်သာ လုပ်ဆောင်လိုသည်မှာလည်း ထုံးစံပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိလာသော်လည်း အရပ်ဘက်အဖွဲ့အ စည်းများအကြား ခွဲခြားမှုများဖန်တီးသလိုဖြစ်လာခြင်း သို့မဟုတ် လက်ရှိမညီမျှမှုများကို မီးလောင်ရာ လေပင့် ဖြစ်စေခြင်း စသော အန္တရာယ်များ ပေါ်ပေါက်လာနိုင်ပါသည်။ ပြည်တွင်းရှိ အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုဆိုင်ရာကုန်ကျစရိတ်(overhead costs)များအတွက် ထောက်ပံ့ကူညီမှုမရှိပါက နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်တွင်းရှိ အဖွဲ့အစည်းများအကြား မညီမျှမှုများမှာသာ၍တိုးပွားလာပြီး အောင် မြင်သည့်ပူးပေါင်းဆောင်ရွက်မှု ဖြစ်လာရန် အဟန့်အတားဖြစ်စေပါလိမ့်မည်။ [၇၂]

## စွမ်းဆောင်ရည် မြှင့်တင်မှုအတွက် ကြိုးပမ်းအားထုတ်ခြင်း

မြန်မာနိုင်ငံမှ အရပ်ဘက် အဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည် ပိုမိုအားကောင်းလာ စေရန် လိုအပ်ချက်များစွာရှိပြီး အခြေခံအားဖြင့် စံသတ်မှတ်ထားသည့် သင်တန်းပုံစံများပေးခြင်းကို မကြာခဏ ပြုလုပ်လေ့ရှိသည်။ ထိုသင်တန်းများမှာလည်း လက်ရှိလက်ခံယူဆထားချက်အရ အဖွဲ့ အစည်းအားလုံးအတွက် လိုအပ်နိုင်သည်ဟုယူဆသော နည်းလမ်းများကို စုစည်းပေါင်းထုပ်ထား ခြင်းမျှသာ ဖြစ်ပါသည်။ သို့ဖြစ်၍ သင်တန်းအများစုမှာ လူ့အဖွဲ့အစည်းကို ဦးစားပေး၍ နည်းစနစ်များ တည်ဆောက်ရန် အဓိကထားခြင်းမျိုးထက် အလှူရှင်အဖွဲ့အစည်းများ၏ တာဝန်ယူမှုအပေါ် အဓိက ထားခြင်းက ပိုများနေပါသည်။ တဖန် သင်တန်းအများစုမှာလည်း စီမံကိန်းပုံစံဒီဇိုင်း သို့မဟုတ် အဖွဲ့ အစည်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကိုသာအဓိကထားကြပြီး နည်းစနစ်ကျသောကူညီထောက်ပံ့ရေးလုပ် ငန်းဆိုသည်မှာ မည်သို့မည်ပုံဖြစ်ရမည်ဟူ၍အလှူရှင် အလိုကျမြော်မြင်ချက်တစ်ခု ထင်ဟပ်နေပါ သည်။ အချို့သော အခရာကျသည့်အရပ်ဘက် အဖွဲ့အစည်းအများစုအနေဖြင့် အဆိုပါလေ့ကျင့်သင်တန်းပေးမှုမှ အကျိုးအမြတ်ရရှိနိုင်သော်လည်း အချို့သော အရပ်ဘက်အဖွဲ့အစည်းများကမူ အ ကြောင်းကိစ္စရပ်များကိုပို၍ အခြေခံသော လေ့ကျင့်သင်တန်းပေးမှုများ လိုအပ်ကြောင်းနှုတ်ရေး ကြွယ်ကြွယ်ဖြင့် ထုတ်ဖော် ပြောဆိုခဲ့ကြပါသည်။[၇၃]

အရပ်ဘက်အဖွဲ့အစည်းများစွာက စွယ်စုံရဘက်စုံသုံးနည်းစနစ်များ လေ့ကျင့်သင်တန်း ပေးခြင်းများကိုဖယ်ရှားပြီး ၎င်းတို့လိုအပ်ချက်နှင့် ကိုက်ညီသည့်စွမ်းဆောင်ရည် မြှင့်တင်ပေးမှု များကိုသာ လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ အရပ်ဘက် အဖွဲ့အစည်းများကို ပံ့ပိုးကူညီပေးရန် ဘတ်ဂျက်ခွဲဝေဖြန့်ဖြူးရာတွင် တိုးသာဆုတ်သာရှိသည့် လေ့ကျင့် သင်တန်းပေး မှုဆိုင်ရာ စီမံလျာထားချက်များ (flexible training packages) ပါဝင်သင့်သည်ဟုလည်း အရပ်ဘက် အဖွဲ့အစည်းများစုက ပြောဆိုခဲ့ကြပါသည်။ သို့မှသာလျှင် အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများ ပိုမိုအားကောင်းသန်မာလာစေရန် ထိန်းချုပ် ကိုယ်တွယ်ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် တစ်ပွဲတိုးအလုပ်ရုံ ဆွေးနွေးပွဲများသည် စွမ်းဆောင် ရည်ပိုင်းအရ လုံလောက်သည့်တိုးတက်မှု ရရှိရန်ခဲယဉ်းသဖြင့် ရေရှည်သွားနိုင်သည့် လေ့ကျင့်သင် တန်းပေးမှုနှင့် ထောက်ပံ့ကူညီမှု လိုအပ်သည်ဟုလည်း ဆိုခဲ့ကြပါသည်။[၇၄] နိုင်ငံတကာ အန်ဂျီအို များအနေဖြင့် ပြည်တွင်းအရပ်ဘက် အဖွဲ့အစည်းများ၏ တိတိ ကျကျလိုအပ်ချက်များနှင့် ကိုက်ညီစေရန် စီမံကိန်းများကို ဒီဇိုင်းဆွဲသင့်သည်။ ထိုသို့ရေးဆွဲရာတွင် လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပြောပြသည့် လိုအပ်ချက်များနှင့် လိုက်လျောညီထွေစွာ ပြုပြင်နိုင်သော၊ တစ်ဆင့်ချင်း အစီအစဉ်ရေးဆွဲသည့် ပုံစံဖြင့်လုပ်သင့်သည်။ အလှူရှင်များက အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ပံ့ပိုးပေးမှုများနှင့် ထိုအဖွဲ့အစည်းများ၏ တိကျသောလိုအပ် ချက်များအကြား ဘုံကျသည့်နယ်ပယ်တစ်ရပ်ကို ထပ်မံလေ့လာရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။

# နိဂုံးချုပ် နှင့် ဆွေးနွေးသည့် မေးခွန်းများ

ပြည်တွင်း အရပ်ဘက် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှု အပေါ် ပြင်ပမှ လွှမ်းမိုးမှုများမှာ နည်းလမ်းပေါင်းစုံဖြင့် ဖြစ်နိုင်ပါသည်။ တဖန် စံသတ်မှတ်ထားသော အဖွဲ့အစည်း ပိုင်းဆိုင်ရာ ပုံစံများ သို့မဟုတ် ကျွမ်းကျင်လိမ္မာမှု ဖွံ့ဖြိုးတိုးတက်ရေးတို့မှတဆင့် အရပ်ဘက် အဖွဲ့အစည်းများ ကျွမ်းကျင် ပိုင်နိုင်မှုပီသလာအောင် လုပ်ဆောင်ခြင်းမှာ အရပ်ဘက်အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကာလရှည်ကြာ သက်ရောက်မှု ရှိလာနိုင်ပါသည်။ ရလဒ်များက ရှုပ်ထွေးနေပြီး စည်းမျဉ်းကျင့်ထုံး သင်းပင်းစုဖွဲ့မှုကလည်း ဝိရောဓိ ဖြစ်လာသည့်အခါ အပေါင်းလက္ခဏာ သဘောဆောင်သည့် ရလဒ် နှင့် အနုတ်လက္ခဏာ ဆောင်သည့် ရလဒ် နှစ်မျိုးလုံး ထွက်ပေါ်လာနိုင်ပါသည်။ ပြည်တွင်းမှ အခရာ ကျသည့် အရပ်ဘက် အဖွဲ့အစည်းများအပေါ် ထောက်ပံ့ကူညီမှုနှင့် ကတိကဝတ်ပြုမှုတို့ကို အသစ် တဖန် ပြုလုပ်ခြင်းနှင့်အတူ အလှူရှင် အဖွဲ့အစည်းများနှင့် ပြုလုပ်ဆဲ ဆွေးနွေးမှုများကိုလည်း ခိုင်မာ သေချာအောင် ပြုလုပ်သင့်ပါသည်။ အလှူရှင် အဖွဲ့အစည်းများဘက်မှ ၎င်းတို့ ပံ့ပိုးကူညီပေးနေသည့် အဖွဲ့အစည်းများအပေါ် အန္တရာယ် ဖြစ်စေနိုင်သည့် အလားအလာများကို လျှော့ချလိုက်သည့်နောက် ပြည်တွင်းရှိ အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့ ကိုယ်ပိုင် ရည်မှန်းချက် အစီအစဉ် များကို ရေရာသေချာစွာဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်ဆောင် နိုင်ကြမည် ဖြစ်ပါသည်။

ယခု ဆွေးနွေးချက် စာတမ်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ၏ ကူညီထောက်ပံ့မှုများသည် မြန်မာ နိုင်ငံအတွင်းရှိ အရပ်ဘက် အဖွဲ့အစည်းများကို ပိုမို အားကောင်းလာစေသည်လား သို့မဟုတ် ပိုမိုချိနဲ့ယိုင်လဲသွားစေသည်လား ဆိုခြင်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားမှုများကို လှုံ့ဆော်ပေးရန်၊ ဆွေးနွေးမှုများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါသည်။ အထက်ပါ အချက်များကို အခြေခံ၍ အောက် ပါ မေးခွန်းများမှာလည်း နောက်ထပ် ဆွေးနွေးစရာများ ဖြစ်လာနိုင်ပါသည်။

**၁။** မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆန်မှု ပိုလာသည်နှင့်အမျှ မကြာသေးမီ နှစ်များအတွင်း အရပ်ဘက် အဖွဲ့အစည်းများအပေါ် အလှူရှင်များ၏ ထောက်ပံ့ကူညီမှု လမ်းကြောင်းများ အပြောင်းအလဲ ရှိလာပါ သလား ?

**၂။** အလှူရှင်များ၏ ထောက်ပံ့မှုမှ မည်သည့်အဖွဲ့အစည်းများ ဖယ်ရှားခံလိုက်ရသနည်း။ ထိုသို့ ယခုကဲ့သို့ ဖယ်ရှားခံလိုက်ရသဖြင့် ထိုအဖွဲ့အစည်းက ကိုယ်စားပြုနေသည့် လှုပ်ရှားမှုများအပေါ် မည်သို့ သက်ရောက်မှု ရှိမည်နည်း ?

**၃။** မြန်မာနိုင်ငံ၏ အနေအထားအရ "ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှု"ဟူသည်ကို မည်သူက ဆုံး ဖြတ်ပါသနည်း ?

**၄။** သတ်မှတ်ထားသည့် စီမံကိန်းများ သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုများအပေါ် နိုင်ငံတကာ အထောက်အပံ့က မည်သို့အကျိုးသက်ရောက်ခဲ့သနည်း ? အကောင်းဆုံးသော လုပ်နည်း လုပ်ဟန်များ သာဓကများမှာ အဘယ်နည်း ?

**၅။** အလုပ်သဘောဆန်မှုအပေါ် အလေးပေးခြင်းသည် စေတနာ့ဝန်ထမ်းများ၏ လုပ်ဆောင်ချက် အပေါ် အကျိုးကျေးဇူးများ တိုးပွားလာပါသလား။ ဆုတ်ယုတ်သွားပါသလား ?

**၆။** "ကျွမ်းကျင်ပိုင်နိုင်သူ (သို့မဟုတ်) ပညာရှင်ပီသခြင်း"က ဌာနေလူ့အဖွဲ့အစည်းများ၏ လှုပ်ရှားမှု သို့မဟုတ် လူပြိန်းကြိုက် နိုင်ငံရေး အပေါ် မည်သို့ အကျိုးသက်ရောက်သနည်း ?

**၇။** အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ ရေရှည်တည်တံ့ခိုင်မြဲမှု တိုးတက် လာစေရန်နှင့် တာဝန်ယူမှုပိုရှိလာစေရန် အတွက် လုပ်ဆောင်ရာတွင် "ကျွမ်းကျင်ပိုင်နိုင်သူ (သို့မ ဟုတ်) ပညာရှင်ပီသခြင်း"ကပိုမိုစုစည်းကျစ်လစ်သည့် ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်လာနိုင်ပါသလား ?

**၈။** လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၌ ပုဂ္ဂလိက အပိုင်းမှ ပါဝင်ဆောင်ရွက်မှုသည် မည်သည့် အခန်းကဏ္ဍဖြင့် ပါဝင်နိုင်/ပါဝင်သင့်ပါသနည်း ?[၇၆]

# အောက်ခြေမှတ်စုများ


၁။ Zaleski, Pawel Stefan. Neoliberalizm i spoleczenstwo obywatelskie (Neoliberalism and Civil Society), Wydawnictwo UMK, Torun, 2012.

၂။ Howell, Jude. "In their own image: donor assistance to civil society.," Lusotopie, 9.1 (2002): 117-130.

၃။ Civil society in Myanmar has gradually re-emerged as a result of rounds of ceasefires in the 1990s.

၄။ International Crisis Group. Myanmar: The Role of Civil Society. Bangkok/Brussels: ICG, 2001.

၅။ Carr, Thomas. Supporting the Transition, Understanding Aid to Myanmar Since 2011. Yangon: Asia Foundation, 2018.

၆။ Howell, Jude. "In their own image: donor assistance to civil society.," Lusotopie, 9.1 (2002): 117-130.

၇။ Howell, Jude. "In their own image: donor assistance to civil society.," Lusotopie, 9.1 (2002): 117-130.

၈။ Dove, Cavelle, "Giving trends in Myanmar: More than merit making,." Austrian Journal of South-East Asian Studies, 10.2 (2017): 205-222.

၉။ South, Ashley. "Myanmar/Burma: Local Agencies and Global Donors." Local to Global Protection initiative. 2012.

၁၀။ International Crisis Group. Myanmar: The Role of Civil Society. Bangkok/Brussels: ICG, 2001.

၁၁။ Asian Development Bank. Civil Society Briefs Myanmar. Yangon: ADB, 2015.

၁၂။ "While political prisoners released, Myanmar's Judicial Reforms Stall," The Irrawaddy, January 2018, https://www.irrawaddy.com/news/burma/political-prisoners-released-myanmars-judicial-reforms-stall.html.

၁၃။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်လိုပါက လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော်၏ ထောက်ခံမှု လိုအပ်သည်ဖြစ်ရာ ဖွဲ့စည်းပုံဆိုင်ရာ နောက်ဆက်တွဲ ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် စစ်တပ်အား ဗီတိုအာဏာ ပေးထားသည့် သဘောမျိုး ဖြစ်နေပါသည်။ မည်သို့ပင်ဖြစ်စေ ပုံမှန် တရားဥပဒေများကို ပြုပြင်ပြောင်းလဲရန်အတွက်မူ ရိုးရိုးသာမာန် လူများစု မဲသာ လိုအပ်ရာ တပ်မ တော်သား လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ပိတ်ပင်နိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် အရပ် သား အစိုးရအဖွဲ့ အနေဖြင့် တည်ဆဲဥပဒေများကို ပြောင်းလဲနိုင်သည့် အခွင့်အာဏာ ရှိနေပါသည်။

၁၄။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန(ထွေအုပ်)ကို ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်မှ ခွဲထုတ်၍ အရပ်ဖက်ကြီးကြပ်မှုအောက်သို့ ပြောင်းရွှေ့ထားရှိမည့် စီမံချက်ကို အစိုးရက ကြေညာခဲ့ပါသည်။ ထွေအုပ်သည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ အုပ်ချုပ်စီမံ ခန့်ခွဲမှုအရ မြို့နယ်အဆင့်အထိ အရေးပါနေသည်ဖြစ်ရာ ယခုကဲ့သို့ ထွေအုပ်အား အရပ်ဖက် အုပ်ချုပ်မှုအောက်သို့ ပြောင်းရွှေ့လိုက်နိုင်ခြင်းမှာ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှု တစ်ခုပင် ဖြစ်ပါသည်။ ထွေအုပ်ဦးစီးဌာနသည် တရားဥပဒေ စိုးမိုးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြေယာ စီမံခန့်ခွဲမှု ပြုလုပ်ခြင်း၊ အခွန်ကောက်ခံခြင်းနှင့် အကြောင်းပေါင်းစုံ ကိစ္စရပ်များအတွက် တာဝန်ရှိ သော အဖွဲ့အစည်း ဖြစ်ပါသည်။ ရင်းမြစ်- "Government reveals plan to bring GAD under civilian control," Frontier Myanmar, December 2018, https://frontiermyanmar.net/en/govt-reveals-plan-to-bring-gad-under-civilian-control.

၁၅။ International Commission of Jurists., "Myanmar: Independence and Impartiality; Judicial Integrity and Accountability.," March 2014., https://www. icj.org/ cijl country profiles/myanmar-introduction/judges/independence-and-impartiality-judicial-integrity-and-accountability/.

၁၆။ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ လုပ်ပိုင်ခွင့် နယ်ပယ်မှာ ကျယ်ပြန့်ပြီး ပြည်သူ့ရေးရာ အုပ်ချုပ်စီမံခန့်ခွဲမှု၏ ကျောရိုးအဖွဲ့အစည်း တစ်ရပ်သဖွယ် ဖြစ်နေပါသည်။ ထွေအုပ်သည် တရား ဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရခြင်း၊ မြေယာ စီမံခန့်ခွဲမှုနှင့် အခွန် ကောက်ယူခြင်း စသည်တို့ အပါ အဝင် များပြားလှသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြရပါသည်။

၁၇။ Carr, Thomas. Supporting the Transition, Understanding Aid to Myanmar Since 2011. Yangon: Asia Foundation, 2018.

၁၈။ United Nations Office for the Coordination of Humanitarian Affairs, "Myanmar," October 2019., https://www.unocha.org/myanmar.

၁၉။ Human Rights Watch. I want to help my own people – Nargis. New York: HRW, 2010.

၂၀။ ပေါင်းကူး- နာဂစ်မှ ပေးသည့် သင်ခန်းစာ ၁၀ ခု၊ ရန်ကုန်၊ ပေါင်းကူး ၂၀၀၉။

၂၁။ Saha, Soubhik Ronnie “Working Through Ambiguity: International NGOs in Myanmar.”, Cambridge: The Hauser Center for Nonprofit Organizations at Harvard University, 2011.

၂၂။ Paung Sie Facility. Unlocking Civil Society Contributions to Peace in Myanmar. Yangon: PSF, 2018.

၂၃။ Carr, Thomas. Supporting the Transition, Understanding Aid to Myanmar Since 2011. Yangon: Asia Foundation, 2018.

၂၄။ Reuters, “Japan’s Abe ends Myanmar visit with aid, debt write-off.,” 26,May, 2013.

၂၅။ Carr, Thomas. Supporting the Transition, Understanding Aid to Myanmar Since 2011. Yangon: Asia Foundation, 2018.

၂၆။ အထက်ပါအတိုင်း။

၂၇။ အထက်ပါအတိုင်း။

၂၈။ Carr, Thomas. Myanmar Aid Verification Survey. Yangon: Asia Foundation, 2016; Carr, Thomas. Supporting the Transition, Understanding Aid to Myanmar Since 2011. Yangon: Asia Foundation, 2018.

၂၉။ Kramer, Tom. Civil Society Gaining Ground. Amsterdam: Transnational Institute & Burma Center Netherlands, 2011.

၃၀။ Paung Sie Facility. Unlocking Civil Society Contributions to Peace in Myanmar. Yangon: PSF, 2018.

၃၁။ အထက်ပါအတိုင်း။

၃၂။ အထက်ပါအတိုင်း။

၃၃။ အထက်ပါအတိုင်း။

၃၄။ အထက်ပါအတိုင်း။

၃၅။ အထက်ပါအတိုင်း။

၃၆။ Joint Peace Fund., “CSO space in the peace process is being squeezed concludes report,.” 27, May 27, 2019.

၃၇။ Howell, Jude. “In their own image: donor assistance to civil society.,” Lusotopie, .9.1 (2002): 117-130.

၃၈။ အထက်ပါအတိုင်း။

၃၉။ နိုင်ငံတကာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ ၁၈ ရက်၊ ၂၀၁၉ ခုနှစ်။

၄၀။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်။

၄၁။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ ၁၄ ရက်၊ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်။

၄၂။ ခရေမာ(၂၀၁၁)က အနောက်တိုင်းပုံစံဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီ ထောက်ပံ့မှုနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများသည် မြန်မာနိုင်ငံရှိ အရပ်ဘက် အဖွဲ့အစည်းများ အပေါ် "မြန်မာ့နည်း မြန်မာ့ဟန်"ဖြင့် လေ့လာသုံးသပ်ခဲ့ခြင်း မရှိဟု အကျယ်တဝင့် ရှင်းလင်းဖော်ပြထားပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ အရပ်ဘက် အဖွဲ့အစည်း များမှာ "လူမှုရေးအရ တိုးတက်မှု" နှင့် "ကျွမ်းကျင်မှု" ရှိသည်ဟု နိုင်ငံတကာ အဖွဲ့အစည်းများ ဖက်မှ မယူဆခဲ့ကြပါ။ ထို့ပြင် မြန်မာနိုင်ငံတွင် အခြေစိုက်သည့် INGOs အဖွဲ့အစည်းများက "အရပ်ဘက် အဖွဲ့အစည်းများ ကို မည်ကဲ့သို့ ထိတွေ့ဆက်ဆံမှုလုပ်ဆောင်၍ ထောက်ပံ့ကူညီသင့်ကြောင်း" ဆွေးနွေးမှုများ ပြုလုပ်ရာတွင်လည်း အဆိုပါ အဖွဲ့အစည်းများမှာ ဖယ်ထုတ်ခံထားကြရပါသည်။

၄၃။ Kramer, Tom. Civil Society Gaining Ground. Amsterdam: Transnational Institute & Burma Center Netherlands, 2011.

၄၄။ Dove, Cavelle,. “Giving trends in Myanmar: More than merit making.,” Austrian Journal of South-East Asian Studies, 10-2 (2017): 205-222.

၄၅။ အထက်ပါအတိုင်း။

၄၆။ Clarke, Gerard, “Agents of Transformation? Donors, faith-based organisations and international development.,” Third World Quarterly, 281 (2007).

၄၇။ အထက်ပါအတိုင်း။

၄၈။ Lakhdhir, Linda. Dashed Hopes: The Criminalization of Peaceful Expression in Myanmar. New York: Human Rights Watch, 2019.

၄၉။ အထက်ပါအတိုင်း။

၅၀။ UNHCR. Partnership Notes on Faith Organizations, Local Faith Communities and Faith Leaders. Geneva: UNHCR, 2014.

၅၁။ International Crisis Group. Buddhism and State Power in Myanmar. Brussels: ICG, 2017.

၅၂။ ၂၀၁၁ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံအတွင်း၌ အစွန်းရောက် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒ ခေါင်းထောင်ထလာခဲ့ပြီး အခြားသော ဘာသာရေး အဖွဲ့အစည်းများအပေါ် ခြိမ်းခြောက်မှုဟု ယူဆ နိုင်သည့် တုံ့ပြန်မှုများ ပြုလုပ်လာခဲ့ကြပါသည်။ အဆိုပါ လှုပ်ရှားမှုများ ကြီးထွား လာစေရန် ဦးဆောင် လှုပ်ရှားခဲ့သည့် အဖွဲ့အစည်းမှာ "အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့" (အတိုကောက် မ.ဘ.သ) ဖြစ်ပြီး မွတ်စလင် လူနည်းစုများအပေါ် ဆန့်ကျင်တိုက်ခိုက်သည့် အကြမ်း ဖက်မှုများ ပေါ်ပေါက်လာအောင် လှုံ့ဆော်သွေးထိုးပေးခဲ့ပါသည်။ သတင်း ရင်းမြစ်-International Crisis Group. Buddhism and State Power in Myanmar. Brussels: ICG, 2017.

၅၃။ Clarke, Gerard, "Agents of Transformation? Donors, faith-based organisations and international development,." Third World Quarterly, 28.1 (2007).

၅၄။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ အောက်တိုဘာလ ၁၄ ရက်၊ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်။

၅၅။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်။

၅၆။ Kramer, Tom. Civil Society Gaining Ground. Amsterdam: Transnational Institute & Burma Center Netherlands, 2011.

၅၇။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ အောက်တိုဘာလ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်။ နိုင်ငံတကာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ ၁၈ ရက်၊ ၂၀၁၉ ခုနှစ်။

၅၈။ Howell, Jude. "In their own image: donor assistance to civil society.," Lusotopie, 9.1 (2002): 117-130.

၅၉။ သီးခြားလွတ်လပ်စွာ ရပ်တည်သည့် မြန်မာ့အရေး လေ့လာသုံးသပ် သူတစ်ဦးနှင့် တွေ့ဆုံ မေးမြန်းချက်၊ အောက်တိုဘာလ ၁၇ ရက်၊ ၂၀၁၉ ခု နှစ်။ နိုင်ငံတကာ အလှူရှင် အဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ် တစ်ဦး နှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာလ ၁၈ ရက်၊ ၂၀၁၉ ခုနှစ်။ အရပ် ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အောက်တိုဘာလ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်။

၆၀။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ မေလ ၁၄ ရက်၊ ၁၅ ရက်၊ ၂၀၁၉ ခုနှစ်။

၆၁။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ မေလ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်။

၆၂။ South, Ashley,. "Myanmar/Burma: Local Agencies and Global Donors. Local to Global Protection initiative", 2012.

၆၃။ နိုင်ငံတကာ အလှူရှင် တစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်၊ အောက်တိုဘာလ ၂၉ ရက်နေ့၊ ၂၀၁၉ ခုနှစ်။

၆၄။ South, Ashley. Myanmar/Burma: Local Agencies and Global Donors. Local to Global Protection Initiative, 2012.

၆၅။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ အောက်တိုဘာလ ၁၄ ရက်၊ ၂၀၁၉ ခုနှစ်။

၆၆။ ပေါင်းကူး- နာဂစ်မှ ပေးသည့် သင်ခန်းစာ ၁၀ ခု၊ ရန်ကုန်၊ ပေါင်းကူး ၂၀၀၉။

၆၇။ အထက်ပါအတိုင်း။

၆၈။ Rieffel, Lex, & Fox, James. W., Too Much, Too Soon? The Dilemma of Foreign Aid to Myanmar/Burma. Nathan Associates Inc., 2013.

၆၉။ Kramer, Tom. Civil Society Gaining Ground. Amsterdam: Transnational Institute & Burma Center Netherlands, 2011.

၇၀။ Howell, Jude. "In their own image: donor assistance to civil society,." Lusotopie,9.1 (2002): 117-130.

၇၁။ အရပ်ဘက် အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်း ခြင်း၊ အောက်တိုဘာလ ၁၁ ရက်၊ ၂၀၁၉ ခုနှစ်။

၇၂။ အထက်ပါအတိုင်း။

၇၃။ အဆိုပါ မေးခွန်းမှာ ကူညီထောက်ပံ့မှုကို စီးပွားဖြစ်ဆန်ဆန် ပြုလုပ် ခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနှင့် ဆက်နွယ်နေပါသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်းများနှင့် အတိုင်ပင်ခံ အဖွဲ့ အစည်းများက အရပ်ဘက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို ဝင်ရောက်ထမ်းရွက် လေ့ရှိသည့် အလှူရှင် အဖွဲ့အစည်းဆိုင်ရာ လားရာလမ်းကြောင်းတစ်ခု လည်း ရှိနေပါသည်။ နည်းပညာပိုင်း ဆိုင်ရာ ရှုထောင့်မှ တဖြည်းဖြည်း တိုး၍ ရှုမြင်သုံးသပ်လာခြင်းကြောင့်လည်း ဤအချက်က နိုင်ငံရေး သဘော လွန်စွာ သက်ဝင်သည့် အကြောင်းကိစ္စရပ်များအပေါ် သက်ရောက်မှု တစ်ခု ဖြစ်လာပါသည်။



**ActionAid Myanmar**
1 Wingabar Road
ShweGone Daing
Bahan Township,
Yangon, Myanmar
Tel: +95 1546 671
www.actionaid.org

CAPACITY BUILDING INITIATIVE

actionaid

PHAN TEE EAIN (CREATIVE HOME)